# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၀၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား

# မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ် တည့်မတ်မြဲမြံခိုင်မာစွာ ရပ်တည်နိုင်စေရေးအတွက် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်

နေပြည်တော် အောက်တိုဘာ ၂၃

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ညီလာခံခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး နှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ် တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**ယနေ့ မာတိကာ**

**လက်ကိုင်ဖုန်းစွဲလမ်းခြင်းနှင့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုး အမျိုးမျိုး**

ဆောင်းပါး | စာ ၁၇

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ**

ပြည်တွင်းသတင်း | စာ ၁၈

မြန်မာ့အလင်း

# မြင့်မားသည့်ယဉ်ကျေးမှုအဆင့်အတန်း မျိုးဆက်သစ်များက ဆက်လက်သယ်ဆောင်ကြိုးပမ်း

ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုနှင့် ကမ္ဘာကြီးကို ၎င်းတို့အလိုရှိသလို ထိန်းကျောင်းမောင်းနှင်နိုင်ရေး ကြိုးပမ်းမှုများတွင် Hard Power ခေါ် စစ်ရေးအင်အားကြီးမားအောင် အပြိုင်အဆိုင် တည်ဆောက်ကြသကဲ့သို့ Soft Power ခေါ် စာပေ၊ ဂီတ၊ အဆို၊ အက၊ ရုပ်ရှင်အနုပညာ၊ ယဉ်ကျေးမှုအားဖြင့်လည်း လွှမ်းမိုးထားနိုင်ရန်လည်း ဆောင်ရွက်ကြသည်။ ယဉ်ကျေးမှုထိုးဖောက်လွှမ်းမိုးစေသည့် နည်းလမ်းသည် ရှေးယခင် ကိုလိုနီနယ်ချဲ့ခေတ်ကတည်းကပင် ကျင့်သုံးခဲ့ကြသည့် နည်းလမ်းအဟောင်းတစ်ခုပင်ဖြစ်သော်ငြားလည်း နည်းပညာတိုးတက်ဖွံ့ဖြိုးလာသည့် ယနေ့ခေတ်တွင် လွန်စွာလျင်မြန်ကျယ်ပြန့်လာသည်။ အနောက်တိုင်းယဉ်ကျေးမှုပုံစံများဖြင့် မွေးနေ့ပွဲ၊ မင်္ဂလာဆောင်ပွဲများ ကျင်းပခြင်း၊ Valentine Day၊ Halloween Day အလေ့အထများ လက်ခံကျင့်သုံးလာခြင်း၊ New Year ပွဲတော်ကျင်းပခြင်း စသည့်ဓလေ့ထုံးစံများ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ထိုးဖောက်ဝင်ရောက်လာသည်။

ယဉ်ကျေးမှုအသစ်အဆန်းများကို လက်ခံကျင့်သုံးသူများမှာ မူလသဘာဝအားဖြင့်ပင်လျှင် အသစ်အဆန်းကို ရှာဖွေတတ်သော၊ အပြောင်းအလဲကိုလိုလားသော လူငယ်များသာလျှင် ဖြစ်သည်။ လူငယ်များ၏ နေ့စဉ်ဘဝများတွင် ပြည်ပမှဝင်ရောက်လာသည့် ယဉ်ကျေးမှု လွှမ်းမိုးလာသည်နှင့်အမျှ မိမိတို့၏ လူမှုအဖွဲ့အစည်းကိုပါ တစ်စစနှင့် ပြောင်းလဲသွားစေသည်။ ကောင်းသည့်အပြောင်းအလဲသည် မျိုးဆက်သစ် လူငယ်များနှင့် ၎င်းတို့ရှင်သန်ရာ လူ့အဖွဲ့အစည်းကို ကောင်းကျိုးဖြစ်ထွန်းစေနိုင်သော်လည်း မကောင်းသည့်အပြောင်းအလဲကမူ အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်။ လူတို့၏ တန်ဖိုးထားမှုနှင့်အတူ ယဉ်ကျေးမှုများပြောင်းလဲကြသည့် သဘောသဘာဝရှိသော်လည်း မိမိလူမျိုး၏ အမှတ်လက္ခဏာဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်လည်းဖြစ်သော ရိုးရာယဉ်ကျေးမှုများကိုမူ မပျောက်မပျက်စေရန် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရန်လိုသည်။

“နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ် (National Spirit) နှင့် တန်ဖိုးထားမှုစနစ် (Value System) များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့ တိုးတက်မှု (Independent Development) အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိနေသည်ကို သတိထားကြရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ခေတ်သစ်ကိုလိုနီစနစ်ဖြင့် ပြည်ပသြဇာလွှမ်းမိုးမှုများမှ ကာကွယ်နိုင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လွန်စွာအရေးကြီးသည့် မိမိတို့၏ ယဉ်ကျေးမှုကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

နည်းပညာတိုးတက်မှုကို အခြေပြုကာ နိုင်ငံတကာယဉ်ကျေးမှုများ အပြန်အလှန်စီးဆင်းကြရာတွင် မိမိနိုင်ငံ၊ မိမိတို့လူမျိုး၏ အမှတ်လက္ခဏာယဉ်ကျေးမှုများကို မြင့်တင်ကြရန် မိမိတို့အားလုံး အားထုတ်ကြိုးပမ်းကြရမည်လည်း ဖြစ်သည်။ နိုင်ငံတကာမှ အတားအဆီးမရှိ ဝင်ရောက်လာနေသည့် ယဉ်ကျေးမှု အဆိုး၊ အကောင်းများထဲမှ မိမိနိုင်ငံနှင့် လူမျိုးအတွက် ကောင်းကျိုးဖြစ်ထွန်းစေသည့် အရာတို့ကိုသာ ရွေးချယ်လက်ခံကြရန်နှင့် မိမိတို့ ရေ၊ မြေ၊ ဓလေ့ထုံးတမ်းတို့နှင့် ကိုက်ညီစေရန် ပြုပြင်ပြီး ယဉ်ကျေးမှုအသစ်ကို မွေးစားယူရမည်ဖြစ်သည်။

တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်စေရန် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ကြီးမားသည့် သမိုင်းအစဉ်အလာ၊ မြင့်မားသည့် ယဉ်ကျေးမှုအဆင့်အတန်းတို့ကို မျိုးဆက်သစ်များက ဆက်လက်သယ်ဆောင်ထိန်းသိမ်း၍ ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ပါစေကြောင်း။ ။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ရက် ထပ်မံတိုးမြှင့်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် **“အဂတိ ပယ်ခွာ ပြည်သာယာ”** ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများကို ပြိုင်ပွဲဝင်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်လျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်အား ၃၀-၁၀-၂၀၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ပါသည်။ ယခုအခါ လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်အား ၁၀-၁၁-၂၀၂၄ ရက်နေ့အထိ ထပ်မံတိုးမြှင့်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေ မှ ၁၅ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်- တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ကျေးလက်ကုန်ထုတ်တံတား ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို အောက်တိုဘာ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မုက္ခမူ ကျေးရွာ ကုန်ထုတ်တံတားလုပ်ငန်းခွင်သို့ ကျိုက်ထိုခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေ ကျပ် ၈၃ ဒသမ ၄၀၅ သန်းဖြင့် အရှည် ၂၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ကိုးပေဖြင့် ဌာနကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်ပြီးပါက မုက္ခမူကျေးရွာရှိအိမ်ခြေ ၈၁၄ အိမ်၊ လူဦးရေ ၄၀၁၅၊ လယ်မြေဧက ၂၇၇ အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၁၀ -၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၀၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၀၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၀၀ |
| 95 Ron | ၃၃၁၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၃၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၀၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း | | သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းပြည်နယ် တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မကွေးတိုင်းဒေသကြီးမှ ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

❑ **ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေးအနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့**

❑ **တိုတောင်းလှသည့်ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက် ထုံးတမ်းစဉ်လာများနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများကို မြန်မာ့အနုပညာစွမ်းအားများဖြင့် ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်**

❑ *ရှေ့ဖုံးမှ*

ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အောင်မြင်စွာကျင်းပနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းတွင် ရှိကြသည့် အကဲဖြတ်အနုပညာရှင်ကြီး ၁၈၀ ၊ ပြိုင်ပွဲဝင်အနုပညာရှင် ၂၅၈၄ ဦးတို့က တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည့် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အနှစ်သာရရှိရှိဖြင့် ခမ်းနားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလရက်သတ္တတစ်ပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေးအနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တိုတောင်းလှသည့်ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက် ထုံးတမ်းစဉ်လာများနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများကို မြန်မာ့အနုပညာစွမ်းအားများဖြင့် ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်ကြောင်း။

**အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက်**

မိမိတို့မြန်မာလူမျိုးများသည် သမိုင်းအဆက်ဆက်တွင် ယဉ်ကျေးမှုအနုပညာရပ်များကို ဖျော်ဖြေရေးသက်သက်အဖြစ်သာ ရှုမြင်ခံစားခဲ့ကြခြင်းမဟုတ်ဘဲ လူမှုဖွံ့ဖြိုးမှုကို တိုက်ရိုက်အထောက်အကူပြုနိုင်သည့် အမျိုးသားရေးအမွေအနှစ်များအဖြစ် အလေးထားပြီး အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်လာခဲ့ကြခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ရုပ်သေးသဘင်နှင့် ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုများသည် အစဉ်အလာကြီးမားပြီး ခမ်းနားထည်ဝါခဲ့သည့် မြန်မာ့ရုပ်သေးသဘင်နှင့် ဇာတ်သဘင်တို့၏ တန်ဖိုးနှင့်အနှစ်သာရပေါ်လွင်အောင် ကြိုးစားဖော်ထုတ်ယှဉ်ပြိုင် တင်ဆက်နိုင်ခဲ့ကြသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ရကြောင်း။

**စိတ်အားထက်သန်စွာသီဆိုတီးမှုတ်**

အထူးသဖြင့် ရှေးခေတ်ဂီတစာဆိုကြီးများ သီကုံးစပ်ဆိုခဲ့သည့် တေးဂီတနှင့် သီချင်းများကို မျိုးဆက်သစ်လူငယ်များက စိတ်အားထက်သန်စွာ သီဆိုတီးမှုတ်နေကြသည်ကို တွေ့မြင်ကြားသိရခြင်းသည် အမျိုးသားရေးအားမာန်တက်ကြွစေသည့် မြင်ကွင်းများပင်ဖြစ်ကြောင်း။

**တတ်နိုင်သည့်ဘက်က မြှင့်တင်ပေး**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပြတ် တစ်ဆင့်ပြီးတစ်ဆင့် အရည်အသွေးနှင့် အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာအောင် စနစ်တကျစီမံအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ၏ စွမ်းရည်နှင့်တန်ဖိုးကို မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ ရင်ထဲ၌ စွဲထင်ကိန်းအောင်းလာစေခဲ့ပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများကို တတ်နိုင်သည့်ဘက်က မြှင့်တင်ပေးနိုင်ခဲ့ပြီဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ်(National Spirit)နှင့် တန်ဖိုးထားမှုစနစ် (Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့ တိုးတက်မှု(Independent Development)အတွက်

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရခိုင်တိုင်းရင်းသားရိုးရာတေးဂီအဖွဲ့က "တူရိယာစုံစွ ရခိုင်ဂီတ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မွန်ပြည်နယ် တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)အဆင့်၌ ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။

**ဆက်လက်ထိန်းသိမ်းကာကွယ်**

ထို့ကြောင့် အဆိုပါအန္တရာယ်များကို ထိထိရောက်ရောက် ခုခံတွန်းလှန်နိုင်မည့် မျက်နှာစာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်မှ မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များကို ဆက်လက်ပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်တည့်မတ်မြဲမြံခိုင်မာစွာ ရပ်တည်နိုင်စေရေးအတွက် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါဟု အနုပညာရှင်ကြီးများနှင့်အတူ မျိုးဆက်သစ်အနုပညာရှင်များအားလုံးကိုအလေးထားတိုက်တွန်းမှာကြားလိုကြောင်း။

**အနုပညာစွမ်းပကားဖြင့်ပူးပေါင်းပါဝင်**

သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အနုပညာရှင်များအားလုံးကို မှာကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်နှင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရနိုးကြား ရှင်သန်နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု အန္တရာယ်ကို တားဆီးကာကွယ်နိုင်စေရန် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမားမှု၊ မျိုးရိုးဂုဏ်ရှိန်ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုနှင့် ယဉ်ကျေးသိမ်မွေ့သည့် *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား) ဝါသနာရှင်အဆင့်၌ ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ ဇနီး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး) ဝါသနာရှင်အဆင့်(ဒုတိယတန်း)၌ ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေပြီး အမျိုးသားရေး ကိုယ်ခံစွမ်းအားများ မြင့်မားလာအောင် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာအကအဖွဲ့များကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာတေးဂီအဖွဲ့က **"တူရိယာစုံစွ ရခိုင်ဂီတ"** တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်က မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသား) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၏ ဇနီး မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ(အမျိုးသား) ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၏ ဇနီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ(အမျိုးသမီး) ဝါသနာရှင်အဆင့် (ပထမတန်း) တွင် ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။

*စာမျက်နှာ ၅ မှ*

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက မဟာဂီတ အဆိုပြိုင်ပွဲ(အမျိုးသား)တွင် ဝါသနာရှင်(ပထမတန်း)အဆင့်နှင့် ဝါသနာရှင်(ဒုတိယတန်း) အဆင့်တို့၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက မဟာဂီတအဆိုပြိုင်ပွဲ (အမျိုးသား) တွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**မဟာဂီတအဆိုပြိုင်ပွဲ**

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီးနှင့် ကောင်စီဝင်များ၏ ဇနီးများက မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး) တွင် ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲ**

ဆက်လက်၍ ကောင်စီဝင်များက ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာရှင်အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ ဇနီးများက ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာရှင်အဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆို ပြိုင်ပွဲ**

ထို့နောက် ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ဇနီးများက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲအခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ(အမျိုးသား) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၏ဇနီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ(အမျိုးသမီး) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၏ ဇနီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အကပြိုင်ပွဲ(အမျိုးသား) ဝါသနာရှင်အဆင့် (ဒုတိယတန်း)တွင် ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၏ ဇနီး အကပြိုင်ပွဲ(အမျိုးသမီး) ဝါသနာရှင်အဆင့် (ဒုတိယတန်း)တွင် ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၆ မှ*

မသွန်းဝတီထွဋ်က “မြန်မာ့ဂီတလှပဝေဆာ” သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ ဇနီးများက အကပြိုင်ပွဲ (အမျိုးသား)(အမျိုးသမီး) တွင် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ကပြဖျော်ဖြေ**

ထို့နောက် အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ အသက်အငယ်ဆုံးပါဝင်ယှဉ်ပြိုင်သူ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မောင်ဟိန်းလင်းမာန်သွေးက ကပြဖျော်ဖြေသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊

*စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ(အမျိုးသား) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပထမဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဇာတ်ညွှန်းဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း စောင်းအတီးပြိုင်ပွဲ (အမျိုးသား) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် စောင်းအတီးပြိုင်ပွဲ (အမျိုးသမီး) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး စန္ဒရားအတီးပြိုင်ပွဲ (အမျိုးသား)တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၇ မှ*

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ ဂုဏ်ပြုဆုများ ပေးအပ်စဉ် အရေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပေးအပ်အပြီး၌ အရေးပြိုင်ပွဲ၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြေမြင့်မိုရ်က "လူငယ်အားမာန် အမြဲရှင်သန်" တေးသီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများချီးမြှင့်ပေးအပ်အပြီး၌ အတီး(ဒုံမင်း) ပြိုင်ပွဲ၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ရွှေတံဆိပ်ဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင်က "ရွှေမင်းဂံ" သီချင်းဖြင့်လည်းကောင်း သီဆိုတီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ ဆိုင်းပြောအဖွဲ့ထူးချွန်ဆု၊ ပုံ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဇနက ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အဖွဲ့များနှင့် ဇာတ်သရုပ်ဆောင်ထူးချွန်ဆုရရှိသူများ၊ နှစ်ပါးသွားထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆုနှင့် ပုံ့ပိုးဆိုင်းအဖွဲ့ ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရွှေတံဆိပ်ဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြေမြင့်မိုရ်က "လူငယ်အားမာန် အမြဲ ရှင်သန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) တွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အလုပ်အကိုင်အခွင့်အလမ်း ၆၂၂ ဦးအတွက် ဖန်တီးပေး

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ပြုလုပ်သည်။ **(ယာပုံ)**



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များသည် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့်ပစ္စည်း နမူနာပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု၊ စက်မှုကဏ္ဍတွင် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုတို့ကို အတည်ပြုပေးပြီး အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ်သန်း ၈၆၀ နှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၃ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၆၂၂ ဦးအတွက် ဖန်တီးပေးနိုင်မည် ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်မြို့နယ်၌ ဆောင်းဆီထွက်သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေး နည်းပညာပေးသင်တန်းဖွင့်

**ပြည် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဇီးအုပ်ကျေးရွာ တောင်သူလယ်သမားသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ပြည်ခရိုင်နှင့်နတ်တလင်းခရိုင်အတွင်းရှိ နေကြာစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား နေကြာအထွက်နှုန်းတိုးတက်ရေးအတွက် ပြည်မြို့နယ်သမဝါယမဦးစီးဌာနက ကြီးမှူးပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ပျားလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ နည်းပညာပေးသင်တန်း ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူသင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်ဖွင့်ပွဲ၌ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ခရိုင်အတွင်းရှိ နေကြာစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူ ပြည်မြို့နယ်မှသင်တန်းသား ၂၅ ဦး၊ ရွှေတောင်မြို့နယ်မှ သင်တန်းသား ၁၅ ဦး၊ ပန်းတောင်းမြို့နယ်မှ သင်တန်းသား ၁၅ ဦး၊ ပေါက်ခေါင်းမြို့နယ်မှ ၁၅ ဦးနှင့် နတ်တလင်းခရိုင်အတွင်းရှိ နေကြာစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူ သဲကုန်းမြို့နယ်မှ ၁၅ ဦး၊ ပေါင်းတည်မြို့နယ်မှ ၁၅ ဦးသင်တန်းသားစုစုပေါင်း ၁၀၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာ ခြောက်ဦးက စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုး(ပြန်/ဆက်)**



## ဝါ၊ နေကြာသီးနှံများ ပိုမိုအထွက်တိုးစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ဝါ၊ နေကြာသီးနှံများ ပိုမိုအထွက်တိုးစေရေးအတွက် သမဝါယမကဏ္ဍမှ အရည်အသွေးပြည့်မီသောအထွက်တိုးမျိုးများ အစားထိုးစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မျိုး၊ မြေ၊ ရေ၊ နည်းပညာများ ပံ့ပိုးထောက်ပံ့နိုင်ရေး ဈေးကွက်ချိတ်ဆက် ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက သမဝါယမဦးစီးဌာန ညှိနှိုင်းအစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့်တာဝန်ရှိသူများ၊ နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ရှိ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က ဝါသီးနှံနှင့် နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်သော သမဝါယမ အသင်းများအတွက် သမဝါယမကဏ္ဍမှ အသင်းသားတောင်သူများ လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို စတင်စိုက်ပျိုးရန်အတွက် ထွန်ယက်မြေပြင်သည်မှအစပြု၍ ထွက်ရှိလာသောသီးနှံများကို ဈေးကောင်းရနိုင်စေရန် ဈေးကွက်များအထိ ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။





ထို့နောက် တက်ရောက်လာသူကြသူများက အထွက်တိုးမျိုးများ စိုက်ပျိုးဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ထုတ်လုပ်ဖြန့်ဖြူးသော စမ်းဝတီသဘာဝမြေဩဇာများကို အသင်းသားတောင်သူများအား လိုအပ်ပါက သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကြိုဆိုကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထား အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုပြိုင်ပွဲ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် အသက်အကြီးဆုံးပြိုင်ပွဲဝင် ဦးတင်အုန်း အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယခုကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာပြီးစီးရေးအတွက် မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မေတ္တာ၊ စေတနာ အပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ ဗဟို၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အကဲဖြတ်အဖွဲ့ဝင်အနုပညာရှင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဂုဏ်ပြုကျင်းပသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

ယခုပြိုင်ပွဲကြီးများကို နှစ်စဉ်အစဉ်အလာမပျက် အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပိုမိုပြည့်စုံပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်စေရေးနှင့် ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ တိုးတက်အကောင်အထည်ပေါ်လာစေရေးအလေးထားကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီးများတွင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြသည့်

*စာမျက်နှာ ၁၀ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၉ မှ*

အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကို နိုင်ငံတော်၏ကိုယ်စား အလေးအနက်ထား ပြောကြားလိုကြောင်း။

မိမိတို့ အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန်လိုအပ်ကြောင်း၊ သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုးဘာသာ သာသနာယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့် အချက်များကိုယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှုအသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည် ဖြစ်ကြောင်း။

**အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်**

ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များ အပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်း စေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်လျက် ရှိကြောင်း။

မြန်မာ့အနုပညာ သမိုင်းကို လေ့လာကြည့်မည်ဆိုပါက ခေတ်အဆက်ဆက် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများ၏ ထိန်းသိမ်းဆင့်ပွား အမွေပေးခဲ့သည့် ကျေးဇူးတရားများကြောင့် ယနေ့ သက်ရှိထင်ရှားရှိနေကြသည့် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများသည် အဖိုးထိုက်တန်သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားသူများ အဖြစ် ရပ်တည်နေနိုင်ခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီး များကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့ကြသည့် ဆရာသခင်အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်း၊ အလေ့အကျင့်ကောင်းများကဲ့သို့ အမွေခံထိန်းသိမ်းထားသည့် အနုပညာ ဘဏ္ဍာတိုက်ကြီးများကို ပိုမိုခိုင်ခံ့ဝင့်ကြွား တန်ဖိုးကြီးမားလာစေအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ် အနုပညာရှင်များအတွက် အနုပညာအမွေလက်ဆင့်ကမ်းပေးကြပါရန် တိုက်တွန်း မေတ္တာရပ်ခံ လိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

ယခု ငွေရတုပြိုင်ပွဲမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်း များစွာအတွက် ယဉ်ကျေးမှု အနုပညာအမွေများကို လက်ဆင့်ကမ်းပေးဝေပြီး နိုင်ငံနှင့်လူမျိုး၏ အကျိုးကို ထမ်းရွက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သ တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဦးအောင်ကိန်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထား၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာသံစုံတီးဝိုင်း ဂီတမှူး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်၊ အဆိုပြိုင်ပွဲ၌ ဝါသနာရှင် (ပထမတန်း)အဆင့်တွင် အသက်အကြီးဆုံးပြိုင်ပွဲဝင် ဦးတင်အုန်း၊ အကပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အသက်အငယ်ဆုံး ပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေး၊ ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ကူညီပံ့ပိုးသူ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် စည်သူဒေါ်ထားက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

- **မိမိတို့ အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန်လိုအပ်၊ သို့မှသာ တိုင်းတစ်ပါးယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုးဘာသာ သာသနာယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့် အချက်များကိုယူပြီး မိမိလူမျိုးတို့နှင့်ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှုအသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည်ဖြစ်**
- **ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်းစေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်**
- **ခေတ်အဆက်ဆက်ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများ၏ ထိန်းသိမ်းဆင့်ပွား အမွေပေးခဲ့သည့် ကျေးဇူးတရားများကြောင့် ယနေ့သက်ရှိထင်ရှားရှိနေကြသည့် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများသည် အဖိုးထိုက်တန်သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်**

# မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ရှေ့ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သည် ဂျီနီဗာမြို့ရှိ UNFPA ရုံး၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Ms. Shoko Yasuda Arakaki နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် UNFPA က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံ နှင့် UNFPA တို့အကြား ရှေ့ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း ၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဂျီနီဗာမြို့ရှိ UNFPA ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Ms. Shoko Yasuda Arakaki နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။



# ဒုတိယဝန်ကြီး ဦးလွင်ဦး ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလွင်ဦးသည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ရုံး၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန် ဆောင်ရွက်ရေးဌာန ညွှန်ကြား ရေးမှူး Ms. Shoko Yasuda Arakaki ကို ယနေ့ နံနက် ၉ နာရီ ခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေ အဖွဲ့တို့အကြား လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ် များနှင့် ရှေ့ဆက်ဆောင်ရွက်သွား မည့် လုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ကြီးများနှင့် UNFPA ၏ မြန်မာနိုင်ငံ ဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြသည်။**သတင်းစဉ်**

## ရှက်ပုန်းသီးတို့ အောင်ပွဲ

ဂန္ဓဝင်သွဲ့ပြောင်း ငြိမ့်ငြိမ့်ညောင်း
ခေတ်ဟောင်းတေးမို့ ဆိုကြစို့။
စည်းဝါးနရီ ကာရန်ညီ
ဘဝင်သိမ့်သိမ့် နားဝင်ငြိမ့်။
ညင်သာနွဲ့နှောင်း ခြေလက်ခေါင်း
သွဲ့ပြောင်းလက်ာ ယဉ်ကျေးစွာ။
ဝန်းဝိုင်းမှုဒြာ ပန်တျာ
ကဗျာဆန်လှ သုခမ။
ခြေလက်ခေါင်းခါး ကော့ကန်ကား
ကြေးစားသက်သက် မျက်စိရှက်။
စည်းဝါး ဒုံးညီ သီချင်းသည်
ရေးသီကာရန် မြန်မာသံ။
နရီကျန တီးမှုတ်ကြ
မြန်မာရိုးရာ တူရိယာ။
ရိုးပေါ်ရှက်ဖုံး တို့မသုံး
တီးလုံးလက်သံ ရိုးရာမှန်။
နှစ်စဉ်ချီးမြှောက် စင်တော်ကောက်
အံ့လောက်ပွားစည်း ရှက်ပုန်းသီး။

[(၂၅)ကြိမ်မြောက် ငွေရတု မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်]

**ကျော်စောဟန်**

# အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးခန်းတွဲ သုံးထပ်အဆောက်အအုံ တည်ဆောက်ရန်ပန္နက်တင်

**မိုင်းယောင်း အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အထက(တပ်တွင်း)၌ ယနေ့နံနက် ၇ နာရီခွဲက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ငါးခန်းတွဲ သုံးထပ်ဆောင်အဆောက်အအုံ တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပသည်။

ဇေပိုင်ဦးကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည့် အဆိုပါ ကျောင်းဆောင်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူး ကြီးအောင်နေထွန်းနှင့် အဖွဲ့ဝင်(၂) ဦးစိုင်းခမ်းလူး၊ ခရိုင်ပညာရေးမှူး ဦးတင့်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြည်နှင့် ကုမ္ပဏီ မှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက ပန္နက်ရိုက် ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပျော်ဘွယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

**ပျော်ဘွယ် အောက်တိုဘာ ၂၃**

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက် နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း ကို အကောင်အထည်ဖော်ရန် အမျိုးသမီးများ ဝင်ငွေတိုးတက် ရေးအတွက် အခြေခံစက်ချုပ်နည်း ပညာသင်တန်းကို အောက်တိုဘာ ၂၂ ရက်က ပျော်ဘွယ်မြို့နယ် အုန်းပင်အုပ်စု မင်းလှသာစည် ကျေးရွာ၌ ဖွင့်လှစ်ကြောင်း သိရသည်။




သင်တန်းဖွင့်ပွဲတွင် ပျော်ဘွယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်က ယခုလို အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီး ပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း ကို အကောင်အထည်ဖော်ဆောင်ရွက် ပေးရခြင်းသည် ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တစ်ပိုင် တစ်နိုင် စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး မိသားစုဝင်ငွေ တိုးပွားကာ ကျေးရွာများဖွံ့ဖြိုး လာစေရန် ရည်ရွယ်၍ သင်တန်း ကို ဖွင့်လှစ်ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းဇော်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်း ပြောကြားကာ ပျော်ဘွယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်က စီမံကိန်းလုပ်ငန်း အကောင်အထည် ဖော်ရေး ကော်မတီ အဖွဲ့ခေါင်းဆောင် ဦးဗိုလ်ထွန်းအား စီမံကိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဒုတိယအကြိမ် မွမ်းမံသင်တန်း သင်ကြားပြီးချိန်တွင် ထူးချွန် သင်တန်းသားငါးဦးကို ရွေးချယ် ပြီး ငွေကျပ် ၁၄ သိန်းနှင့် ညီမျှ သော သုံးစွဲခွင့်ပေးမည့် ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်း များ ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို သင်တန်း သူ ၁၅ ဦးဖြင့် အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ သင်တန်းကာလ တစ်လအကြာ ဖွင့်လှစ်သွားမည်ဖြစ်ဖြစ်ကြောင်း သိရသည်။

**မောင်မွေး**

# ဒုတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနား ကျင်းပ၊ နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်၊ ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်လေးစင်း ပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၃**
ဒုတိယအကြိမ် မြန်မာ - ရုရှား ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်၊ သီရိမဟာဇေယျ ကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တပ်မတော်(ရေ)နှင့် ရုရှား ရေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ရောက်ရှိနေသော ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစင်းတို့သည် ယနေ့နံနက်ပိုင်း






တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက် လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲများ အပြန်အလှန် ကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြပြီး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပူးပေါင်း ဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*
မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း“ဒါနာ”သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြား ဒမ်မရာမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။




အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” ၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

○ *ကျောဖုံးမှ*
နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိပြီး ဟောင်ကောင်အသင်းနှင့် ပထမခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယခု ခြေစမ်းပွဲအတွက် ပဏာမကစားသမား ၃၀ နီးပါး ရွေးချယ်ထားသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ယုကီတက်ဆုရိုသည် ပွဲထွက်လူစာရင်းတွင် စီနီယာကစားသမားများကို အခြေခံကာ လူသစ် ကစားသမားများဖြင့် တွဲဖက်အသုံးပြုခဲ့ပြီး မျိုးမြမြင့်မြင့်မိမ်း(ဂိုး)၊ မေသက်မွန်မြင့်၊ ယုယုနိုင်၊ ဖြူဖြူဝင်း၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ရူပါခိုင်၊ ယွန်းဝတီလှိုင်၊ ရွှေရည်ထွန်း၊ ဝင်းသိင်္ဂီထွန်းနှင့် စန်းသော်သော်တို့ကို အသုံးပြုခဲ့သည်။ ဟောင်ကောင်အသင်းကလည်း မြန်မာအသင်းကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပြီး ၁၁ မိနစ်တွင် လိုင်မဲဟယ်ဆင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသဖြင့် မြန်မာအသင်း ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းသော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုကြောင့် ပထမပိုင်းပြီးခါနီးမှ ချေပဂိုးပြန်ရခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို အသင်းခေါင်းဆောင် ခင်မာလာထွန်းက အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် သရေကျနေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြင့်ခဲ့ပြီး ၅၅ မိနစ်တွင် စန်းသော်သော်က ထောင့်ကန်ဘောကို ခေါင်းတိုက်ကာ ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး မိနစ် ၈၀ တွင် ရွှေရည်ထွန်း၊ ၉၀+၁ မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့၏ ဒုတိယ ခြေစမ်းပွဲကို အောက်တိုဘာ ၂၆ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - သော်လေး**

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအသင်း ယီမင်ကို အရေးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂၃**
၂၀၂၅ အာရှဖလား ယူ - ၁၇ ခြေစစ်ပွဲ အုပ်စု (I) ပထမနေ့ကို အောက်တိုဘာ ၂၃ ရက်က ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် ယီမင်အသင်းကို ခြောက်ဂိုး - တစ်ဂိုးဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့သည်။

အာရှဖလားခြေစစ်ပွဲတွင် အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းသည် ယီမင်ကို အရေးနိမ့်ခဲ့သည့်အပြင် တစ်ယောက်အထုတ်ခံရသဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယီမင်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၇၀ တွင် သူရမင်းသန့်က သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်းမှ ဘုန်းမြတ်သူ အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။

မြန်မာအသင်းသည် ယီမင်၊ ဗီယက်နမ်၊ ကာဂျစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၅ ရက်တွင် အိမ်ရှင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❒ *ကျောဖုံးမှ*
ဒွေ့မွန်အသင်းသည် ရီးရဲမက်ဒရစ်အသင်းဘက်သို့ ပွဲချိန်တစ်လျှောက် ဂိုးကန်သွင်းခွင့်ရှစ်ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်ရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းက ဒွေ့မွန်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၂၆ ကြိမ်ရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှုတွင် ၁၀ ကြိမ်ရှိခဲ့သည်။

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ် (၃) မှ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် အခြားသော ပွဲစဉ်ရလဒ်များတွင် အေစီမီလန်က ကလပ်ဘရုဂ်ကို သုံးဂိုး-တစ်ဂိုး၊ မိုနာကိုက ရက်စတားကို ငါးဂိုး-တစ်ဂိုး၊ အာဆင်နယ်က ရှက်တာဒိုးနက်ကို တစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာက ဘိုလော့ဂ်နာကို နှစ်ဂိုး - ဂိုးမရှိ၊ ဂျီရိုနာက စလိုဗန်ကို နှစ်ဂိုး-ဂိုးမရှိ၊ စတုဂတ်က ဂျူဗင်တပ်စ်ကို တစ်ဂိုး - ဂိုးမရှိ၊ စပို့တင်းက စတန်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး ပီအက်စ်ဂျီနှင့် ပီအက်စ်ဗွီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**

# အင်အားပြင်းမုန်တိုင်း ထရာမီ ဖိလစ်ပိုင်နိုင်ငံကို တိုက်ခတ်၊ ၁၅ ဦးထက်မနည်း သေဆုံး

**မနီလာ အောက်တိုဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇုံကျွန်းကို အင်အားပြင်းမုန်တိုင်း ထရာမီ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၁၅ ဦးထက်မနည်း သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။

ထရာမီ မုန်တိုင်းကြောင့် လူပေါင်း ၄၀၀၀၀၀ နီးပါး ဘေးသင့်မှုဖြစ်ပွားခဲ့ကြောင်း၊ အများစုမှာ အရှေ့ပိုင်းဒေသမှ ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ပြောသည်။

နေအိမ်များ ရေနစ်မြုပ်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးခြင်း ဖြစ်ပွားခဲ့သော လူပေါင်း ၁၂၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ တိမ်းရှောင် ခိုလှုံလျက်ရှိကြောင်း သိရသည်။ ရေဘေးသင့်ဒေသ အချို့ရှိ လေကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများ ရပ်နားထားရပြီး ခရီးသည်ထောင်နှင့်ချီ သောင်တင်လျက်ရှိသည်။ အချို့ဒေသများတွင်လည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်လျက်ရှိသည်။




အဆိုပါ မုန်တိုင်းသည် အောက်တိုဘာ ၂၃ ရက် ညပိုင်းနှင့် ၂၄ ရက် နံနက်ပိုင်းအတွင်း လူဇုံကျွန်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက် တိုက်ခတ်နိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများကြောင့် အီရန်သို့ ပျံသန်းပြေးဆွဲနေသည့် တူကီယဲလေကြောင်းလိုင်းနှစ်ခုဆိုင်းငံ့

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၃**

အီရန်သို့ ပျံသန်းပြေးဆွဲနေသည့် တူကီယဲ လေကြောင်းလိုင်းနှစ်ခုသည် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်မားလာသည့်အတွက် နိုဝင်ဘာ ၁ ရက် မတိုင်မီအထိ လေယာဉ်ပျံသန်းပြေးဆွဲမှုကို ဆိုင်းငံ့လိုက်သည်ဟု အနာဒိုလူ သတင်းအေဂျင်စီက အောက်တိုဘာ ၂၃ ရက်တွင် ကြေညာခဲ့သည်။

အီရန်မြို့ပေါင်းများစွာသို့ ပျံသန်းပြေးဆွဲနေသည့် တားကစ်ရှ်လေကြောင်းလိုင်းနှင့် တန်ဖိုးနည်း လေကြောင်းလိုင်းဖြစ်သည့် ပက်ဂဆုလေကြောင်းလိုင်းတို့သည် တီဟီရန်၊ ရှီရက်ဇ်နှင့် အစ်ဖာဟန်တို့သို့ ပျံသန်းပြေးဆွဲသည့်ခရီးစဉ်များကို ဆိုင်းငံ့ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အစ္စရေးသည် အီရန်ကိုတိုက်ခိုက်ရန် ပြင်ဆင်နေသည်ဟူသော ပြောဆိုမှုများ တိုးလာသည့်အတွက် လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် ယခုလို ဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ အောက်တိုဘာ ၁ ရက်က အီရန်သည် အစ္စရေးကိုပစ်မှတ်ထားကာ ဒုံးကျည် ၁၈၀ နီးပါး ပစ်ခတ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုမှာ ဒေသတွင်း လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် လက်ဘနွန်နှင့် ပါလက်စတိုင်း လက်နက်ကိုင်အုပ်စုများကို အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများကြောင့် လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်ဟု တီဟီရန်က ဖော်ပြခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုကလည်း အီရန်သည် နက်ရှိုင်းသောအမှားကို ပြုလုပ်ခဲ့ပြီဖြစ်ကြောင်းနှင့် ပြန်လည်လက်တုံ့ပြန်မည်ဟု ကတိပြုကြောင်း ပြောကြားခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

ဆင်ဟွာ

# နီပေါနိုင်ငံ၌ ကြယ်လေးပွင့်နှင့်အထက် ဟိုတယ်များ ပလတ်စတစ်ပုလင်းများ အသုံးမပြုရန်တားမြစ်

**ခတ္တမန္ဒူ အောက်တိုဘာ ၂၃**

နီပေါနိုင်ငံ၌ ကြယ်လေးပွင့်နှင့်အထက် ဟိုတယ်များတွင် ပလတ်စတစ်ပုလင်းများကို အသုံးမပြုရန် တားမြစ်လိုက်ကြောင်း အရာရှိတစ်ဦးက အောက်တိုဘာ ၂၃ ရက်တွင်ပြောကြားလိုက်သည်။



အဆိုပါ တားမြစ်ချက်သည် ကြယ်လေးပွင့်၊ ကြယ်ငါးပွင့်၊ ကြယ်ငါးပွင့် အဆင့်မြင့်ဇိမ်ခံနှင့် အဆင့်မြင့် ဇိမ်ခံဟိုတယ်များနှင့် အပန်းဖြေ စခန်းများအားလုံးအတွက် အကျုံးဝင်သည်ဟု ခရီးသွားလာရေးဌာန ညွှန်ကြားရေးမှူးချုပ် နာရာရန်ပရာ ဆက်ရက် (ဂ်)မီက ပြောကြားခဲ့သည်။

အဆင့်မြင့် ဟိုတယ်များနှင့် အပန်းဖြေစခန်းများတွင် ရေကို ပလတ်စတစ် ပုလင်းများဖြင့် ဆက်လက် အသုံးမပြုတော့ရန်နှင့် ဖန်ပုလင်းနှင့် သတ္တုအသုံးအဆောင် ပစ္စည်းများဖြင့်သာ အသုံးပြုရန် ခရီးသွားလာရေးဌာနက အောက်တိုဘာ ၂၂ ရက်က ညွှန်ကြားချက် ထုတ်ပြန်လိုက်သည်။

ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားပြီး အဆိုပါ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ရက်(ဂ်)မီက ဆင်ဟွာသို့ ပြောကြားလိုက်သည်။

ခရီးသွားလာရေး ဌာနသည် သက်ဆိုင်သူများနှင့် ညှိနှိုင်းပြီးနောက် လာမည့်ရက်များအတွင်း အခြားဟိုတယ်များနှင့် အပန်းဖြေစခန်းများအထိ အဆိုပါတားမြစ်ချက်ကိုတိုးမြှင့်ရန် စီစဉ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နီပေါဟိုတယ်အဖွဲ့အစည်းက ၂၀၂၅ ဇန်နဝါရီ ၁ ရက်မှစပြီး အဖွဲ့ဝင်ဟိုတယ်၊ အပန်းဖြေစခန်းနှင့် တည်းခိုရိပ်သာများ အားလုံး စွန့်ပစ်ပလတ်စတစ်ပုလင်းများ၊ ပလတ်စတစ် ပိုက်စုပ်တံများ၊ ပလတ်စတစ်ပန်းကန်များ၊ ဘီးများ၊ သွားတိုက်တံများအပါအဝင် အခြားအမျိုးအစားများကို အသုံးမပြုရန် တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ဇွန်လက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ

# ယခုနှစ် ပထမကိုးလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၄ ဒသမ ၈ သန်း လာရောက်

**ဖနောင်ပင် အောက်တိုဘာ ၂၃** – ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမကိုးလအတွင်း နိုင်ငံခြားခရီးသွား ၄ ဒသမ ၈ သန်းကို ဆွဲဆောင်နိုင်ခဲ့ပြီး ယမန်နှစ် အလားတူ ကာလထက် ၂၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အောက်တိုဘာ ၂၃ ရက်တွင် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက အစီရင်ခံဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားများအနက် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ဗီယက်နမ်၊ တရုတ်၊ လာအိုနှင့် အမေရိကန်နိုင်ငံတို့က အများဆုံးဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၅ ဒသမ ၄၅ သန်းကို ဆွဲဆောင်နိုင်ခဲ့ပြီး ၎င်းတို့ထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# မက်ဒေါ်နယ် ဟမ်ဘာဂါစားသုံးပြီးနောက် အစာအဆိပ်သင့်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**နယူးယောက် အောက်တိုဘာ ၂၃**

အမေရိကန်ပြည်ထောင်စု အချို့ပြည်နယ်များရှိ မက်ဒေါ်နယ်စားသောက်ဆိုင်များတွင် ရောင်းချသည့် ဟမ်ဘာဂါများစားသုံးမိခြင်းနှင့်ဆက်စပ်၍ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ယင်းသို့ဖြစ်ပွားမှုကြောင့် တစ်ဦးသေဆုံးပြီး လူအချို့ဖျားနာခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆက်လက်ပြောကြားသည်။ မက်ဒေါ်နယ်ဆိုင်များမှ ရောင်းချသည့် ဟမ်ဘာဂါနှင့်ဆက်စပ်၍ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အောက်တိုဘာ ၂၂ ရက်က အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနကပြောသည်။ အမေရိကန်အနောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းပြည်နယ်များမှ အသက် ၁၃ နှစ်မှ ၈၈ နှစ်ကြား လူပေါင်း ၄၉ ဦးမှာ ဖျားနာခြင်းများ ခံစားရပြီး ကော်လိုရာဒိုပြည်နယ်၌ အသက်ကြီးပိုင်းတစ်ဦး သေဆုံးခဲ့သည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

ဖျားနာခြင်းခံစားရသည့် ၁၈ ဦးအနက် ၁၂ ဦးကို မေးမြန်းကြည့်ရာ ၎င်းတို့မဖျားမီ ဟမ်ဘာဂါစားမိကြောင်း ဖြေကြားခဲ့သည်ဟု ကျန်းမာရေးအာဏာပိုင်များကပြောသည်။ အစာအဆိပ်သင့်ခြင်းမှာ အီကိုလိုင်းပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ကူးစက်ခံရသူအများစုမှာ ပြင်းထန်ဗိုက်အောင့်ခြင်းနှင့် ဝမ်းလျှောခြင်းကဲ့သို့ လက္ခဏာများ ခံစားရကြောင်း ကျန်းမာရေးအာဏာပိုင်များကပြောသည်။

ရောဂါဖြစ်ပွားသူဦးရေမှာ ဆက်လက်တိုးလာဖွယ်ရှိပြီး ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန်စီစဉ်ထားကြောင်း၊ ကနဦးစုံစမ်းစစ်ဆေးမှုများအရ ဟမ်ဘာဂါတွင် အသုံးပြုထားသည့်ကြက်သွန်နီများကြောင့် အစာအဆိပ်သင့်မှုဖြစ်ပွားနိုင်ခြေရှိကြောင်း မက်ဒေါ်နယ်ဘက်က အောက်တိုဘာ ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် မက်ဒေါ်နယ်ကုမ္ပဏီ၏ ရှယ်ယာများသည် ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားကြောင်းသိရသည်။

အင်န်အိတ်ချ်ကေ

# အစ္စရေးက လက်ဘနွန်တောင်ပိုင်းကို လေကြောင်းတိုက်ခိုက်၊ ၁၃ ဦး သေဆုံး

**ဘေရွတ် အောက်တိုဘာ ၂၃**

လက်ဘနွန်နိုင်ငံတောင်ပိုင်း နဘတ်တီယေးမြို့ကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် အစ္စရေးက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ၁၃ ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်အမျိုးသား သတင်းအေဂျင်စီ (အင်န်အင်န်အေ) က အစီရင်ခံဖော်ပြထားသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီမှစတင်ကာ အစ္စရေးစစ်လေယာဉ်များသည် နဘတ်တီယေးမြို့သို့ လေကြောင်းပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းမှာ ရက်သတ္တနှစ်ပတ်အတွင်း နဘတ်တီယေးမြို့ကို သုံးကြိမ်မြောက်ရန်လိုသည့် လေကြောင်းတိုက်ခိုက်မှုဖြစ်ကြောင်း အင်န်အင်န်အေက ဖော်ပြသည်။

အစ္စရေးစစ်ဘက်လေယာဉ်လေးစင်းသည် နဘတ်တီယေးမြို့ရှိ ပင်မဈေးသို့ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်ရှစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ဈေးဆိုင်နှင့် အဆောက်အအုံဒါဇင်နှင့်ချီ ထိခိုက်ပျက်စီးမှုဖြစ်ပွားကြောင်း လက်ဘနွန်စစ်ဘက်သတင်းအရင်းအမြစ်များက ဖော်ပြသည်။

အရပ်ဘက်ကာကွယ်ရေးနှင့် လက်ဘနွန်ကြက်ခြေနီတို့မှ အသင်းအဖွဲ့များသည် မီးငြိမ်းသတ်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခင်းဖြစ်ပွားသည့်နေရာသို့ အလျင်အမြန်သွားရောက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ကျောက်ဆည်ခရိုင်၌ ပြောင်းဖူးများ လှိုင်လှိုင်ပေါ်




မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ စားသုံးမှုများပြားသော ပြောင်းဖူး (မိုး) သီးနှံကို ၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၁၁၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၁၄၀၀ ၊ မြစ်သားမြို့နယ်၌ ၁၈၇၃ ဧက စုစုပေါင်း ၄၄၆၅ ဧကစိုက်ပျိုးခဲ့ကြောင်း၊ ယခုအချိန်တွင် ပြောင်းဖူးသီးနှံများ ရိတ်သိမ်းလျက်ရှိရာ စဉ့်ကိုင်မြို့နယ်၌ ၁၀၃၄ ဧက၊ မြစ်သားမြို့နယ်၌ ၃၆၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပြောင်းဖူး (မိုး) သီးနှံကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် စတင်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး မျိုးအနေဖြင့် သကြားပြောင်းမျိုးနှင့် ရှမ်းပြောင်းမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၆၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့်ထွက်ရှိပြီး ပြောင်းဖူးတစ်ဖူးလျှင် လက်ကားဈေး ငွေကျပ် ၃၀၀ နှုန်းဖြင့် စိုက်ခင်းအထိ လာရောက်ဝယ်ယူကြသည့် ကုန်စိမ်းပွဲစားများသို့ ရောင်းချကြသည့်အပြင် ကျောက်ဆည်မြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့လည်း တင်ပို့ရောင်းချကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၉၄၀၀၀၀ ခန့် အမြတ်ရရှိပြီး ယခုနှစ်တွင် ပြောင်းဖူးဈေးနှုန်း ကောင်းမွန်သည့်အတွက် တောင်သူများ အကျိုးအမြတ်ရရှိကြကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ကျောက်ဆည်ခရိုင်၌ နနွင်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ နနွင်းဖူးများဈေးကောင်းရ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော နနွင်းကိုလည်း စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၈၄၃ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၂၆ ဧက၊ မြစ်သားမြို့နယ်၌ ၁၀၄၆ ဧက စုစုပေါင်း ၁၉၁၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နနွင်းကို ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ထွက်ပေါ်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၁ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် နနွင်းပိဿာချိန် ၈၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် နနွင်းတက် တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် နနွင်းများကို ဒေသတွင်း ရောင်းချမှုအပြင် ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၃၂ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုချိန်တွင် နနွင်းဖူးများ စတင်ထွက်ပေါ်နေပြီဖြစ်ရာ နနွင်းအဖူး ၁၀၀ လျှင် လက်ကားဈေး ငွေကျပ် ၈၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ နနွင်းစိုက်ပျိုးခြင်းသည် နနွင်းတက်များသာမက နနွင်းဖူးများပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများ ရရှိ၍ အဆင်ပြေလျက်ရှိပြီး နနွင်းစိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။





**DOCA (မန္တလေး)**

## မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာ၌ ရွှေဖရုံသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာတွင် နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို အဓိကစိုက်ပျိုးကြပြီး ဟင်းသီးဟင်းရွက်သီးနှံများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ ရွှေဖရုံသီး ၆ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ရွှေဖရုံသီးကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် အသီးရင့်မှည့်ကာ ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် အလုံးပြား ရွှေဖရုံသီးမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀၀ ဂရမ်ပါအထုပ် ၁၆ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ပေခွဲအကွာ ကျင်းများတူး၍ အစေ့ချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၆ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် အလုံးရေ ၁၀၀၀–၁၅၀၀ ခန့် ထွက်ရှိပြီး အောက်တိုဘာလတတိယပတ်တွင် ရွှေဖရုံသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၃၀၀၀–၄၀၀၀ ဖြင့် ရောင်းချရသဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၄ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် လက်လီလက်ကားကုန်စိမ်းသည်များက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မကွေးမြို့ပေါ်တွင် ပြန်လည်ရောင်းချကြကြောင်း၊ ရွှေဖရုံသီးပင်များ စိုက်ပျိုးခြင်းဖြင့် အသီးများသာမက အညွန့် (အရွက်) များပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိပြီး ယခုနှစ်တွင် ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**



### ၂၃.၁၀.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀၀ | ၄၅၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၇၇၀၀ | ၂၀၀၀၀ | – | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၂၁၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၇၁၈၅ | ၁၇၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၅၅၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၀၈၅ | ၁၂၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၄၅၀၀ | ၃၆၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၇၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၁၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၆၅၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၉၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | – | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၂၆၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၁၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၆၀၀ | ၉၅၀၀ | ၇၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၃

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။**

အောက်တိုဘာ ၂၁ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၈၄၇၃၉)ကို လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ် (သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၂၉၈၂၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၉၁၄၅၅၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၂ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ဥတ္တရခရိုင်နှင့် ပျဉ်းမနားခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၃၆၆ တန်၊ အခြားသစ် ၁ ဒသမ ၂၈၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၄၂၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၆၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၆၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လက်ဝတ်ရတနာပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၀၀၀) ကို လည်းကောင်း၊ ဟိုပုံးမြို့ ပြည်ထောင်စု လမ်းမကြီးအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၆၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၇၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် မြိတ်မြို့နယ်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် စက်မှုဇုန်ထုတ် Kyaw Thitsar Hi-Ace တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ကွတ်ခိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Mini Bus တစ်စီးနှင့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ စဉ့်ကိုင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၇၆၄၉၁) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၃၁၄၉၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ် သဘောင့်ကန်ကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၂၁ ပီပါ၊ ဒီဇယ် နှစ်ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၂၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ ငပုတောမြို့နယ် ဈေးတံတားအနီး၌ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၀၄၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မြန်အောင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၇၉ တန်၊ အခြားသစ် ၆ ဒသမ ၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၇၄၄) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၃၅၁၄၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၃ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၅၁၀၆၄၇၈) ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများနှင့် သစ်များ တရားမဝင် တင်ပို့မှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဖမ်းဆီးရမိမှု။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – ကနှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thet Wai Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နေ သက်ဖူးဝေ(ခ)သက်ဝေဖြိုးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကယ်စီးလျှင် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်ကို အမြဲဆောင်းရန် အရေးကြီးပါသည်

ဒေါက်တာသံလွင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန

**မော်တော်ဆိုင်ကယ်စီးခြင်းသည် စီးနင်းသူများအား အခြားယာဉ်အနည်းငယ်သာ ရရှိတွေ့ကြုံခံစားနိုင်စေမည့် စိတ်လှုပ်ရှားဖွယ်ရာနှင့် လွတ်လပ်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်သည်။ သို့သော်လည်း ဆိုင်ကယ်စီးခြင်းနှင့်အတူ အသက်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ခြင်းကဲ့သို့သော သိသာထင်ရှားသည့် အန္တရာယ်များနှင့်လည်း တွေ့ကြုံရနိုင်ပါသည်။ မော်တော်ဆိုင်ကယ်စီးနေစဉ် မိမိကိုယ်ကို ကာကွယ်ရန် အထိရောက်ဆုံးနည်းလမ်းတစ်ခုမှာ ဆိုင်ကယ်စီးဦးထုပ် ဆောင်းခြင်းပင် ဖြစ်ပါသည်။**

မော်တော်ဆိုင်ကယ် စီးနင်းသူများသည် အန္တရာယ်အရှိဆုံး စွမ်းအင်သုံး ယာဉ်လမ်းအသုံးပြုသူများဖြစ်သည်။ ဤဆောင်းပါးသည် မော်တော်ဆိုင်ကယ်စီးသူများအတွက် ဆိုင်ကယ်စီးဦးထုပ် ဆောင်းရန် မရှိမဖြစ်လိုအပ်သည့် အကြောင်းရင်းများ၊ ဘေးကင်းစေရေး၊ တရားဥပဒေ သတ်မှတ်ချက်များနှင့် တာဝန်သိစွာ စီးနင်းမှုမြှင့်တင်ရေးတို့ကို အလေးပေး ဖော်ပြထားပါသည်။



ဆိုင်ကယ်စီးနေစဉ် ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားသည့် ဝန်ထမ်းကို တွေ့ရစဉ်။

### ဦးထုပ်ဘာကြောင့်ဆောင်းရတာလဲ

မော်တော်ဆိုင်ကယ် တိမ်းမှောက်ခြင်းသည် မာကျောသောအရာများနှင့် တိုက်ရိုက်ထိတွေ့ခြင်းကြောင့် သို့မဟုတ် အလွန်အမင်းအရှိန်ကြောင့် ဖြစ်စေ ဦးခေါင်းဒဏ်ရာရရှိနိုင်သည်။ ဆိုင်ကယ်စီးနင်းသူ၏ ဦးခေါင်းက လူသွားလမ်း သို့မဟုတ် မြေပြင်ကို ထိမိသည့်အခါ ဦးခေါင်းခွံအတွင်းမှ အရိုးများကို ထိမိပြီး သေစေနိုင်သည့်အတွက် မော်တော်ဆိုင်ကယ်စီးသည့်အခါ ဆိုင်ကယ်စီးဦးထုပ်ကို အမြဲဆောင်းရန် အလွန်အရေးကြီးပါသည်။

### ဦးထုပ်ဆောင်းရန် တရားဝင်တာဝန်ရှိပါသလား

အဖြေက **"ဟုတ်ကဲ့"** ဖြစ်ပါသည်။ နိုင်ငံတိုင်းနီးပါးတွင် ဆိုင်ကယ်စီးနင်းသူများနှင့် ခရီးသည်များအား အကာအကွယ်ဦးထုပ်ဆောင်းရန် ဥပဒေများ ပြဋ္ဌာန်းထားပြီး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ယာဉ်မောင်းများ၏ အသက်နှင့် ယာဉ်စွမ်းအား သတ်မှတ်ချက်အပေါ်မူတည်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြသော်လည်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် တာဝန်ရှိကြောင်း တွေ့ရှိရပါသည်။

**❖ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ လုံခြုံရေးဖြစ်သည်။ လေ့လာမှုများအရ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မတော်တဆမှုတစ်ခုတွင် ဦးခေါင်းဒဏ်ရာဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးကြောင်းတွေ့ရှိ**

**❖ ယာဉ်တိုက်မှုတွင် ထိခိုက်မှုမှာ ပြင်းထန်သော ဦးနှောက်ဒဏ်ရာများအထိ ဖြစ်စေနိုင်ပြီး ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် အရေးကြီးသော ကာကွယ်မှုကို ပေးနိုင်ပြီး ဦးခေါင်းဒဏ်ရာရခြင်းမှ အထိရောက်ဆုံး ကာကွယ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်**

### ဘေးကင်းရေး ပထမ

ဆိုင်ကယ်စီးဦးထုပ်ဆောင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ လုံခြုံရေးဖြစ်သည်။ လေ့လာမှုများအရ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မတော်တဆမှုတစ်ခုတွင် ဦးခေါင်းဒဏ်ရာဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးကြောင်း တွေ့ရှိရပါသည်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မော်တော်ဆိုင်ကယ်စီးနင်းသူများ အသက်ဆုံးရှုံးစေသော ထိခိုက်ဒဏ်ရာများကို ကာကွယ်ရာတွင် အလွန်ထိရောက်မှုရှိပါသည်။ မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်ဦးထုပ် သုံးစွဲမှုဆိုင်ရာလေ့လာမှုအရ ၂၀၁၆ ခုနှစ်တွင် ခန့်မှန်းခြေ ဦးထုပ်ဆောင်းမှုမှာ ၅၁ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်သည်။ ယာဉ်တိုက်မှုတွင် ထိခိုက်မှုမှာ ပြင်းထန်သော ဦးနှောက်ဒဏ်ရာများအထိ ဖြစ်စေနိုင်ပြီး ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် အရေးကြီးသော ကာကွယ်မှုကိုပေးနိုင်ပြီး ဦးခေါင်းဒဏ်ရာရခြင်းမှ အထိရောက်ဆုံး ကာကွယ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်း ဖြစ်ပါသည်။

### ဥပဒေကဏ္ဍ

ဒေသများစွာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် ဘေးကင်းစေရေး အတိုင်းအတာတစ်ခုမျှသာမက ဥပဒေပြဋ္ဌာန်းချက်လည်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဥပဒေများသည် ကွဲပြားသော်လည်း အများစုတွင် အဆိုပါဥပဒေများသည် မော်တော်ဆိုင်ကယ် မတော်တဆမှုများနှင့် ဆက်စပ်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအတွက် စီးပွားရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေများကို လိုက်နာခြင်းဖြင့် ဆိုင်ကယ်စီးနင်းသူများသည် မိမိတို့ကိုယ်ကို ကာကွယ်ရုံသာမက လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လူမှုအဖွဲ့အစည်းများ၏ ကျယ်ပြန့်သော ကြိုးပမ်းအားထုတ်မှုများကိုလည်း အထောက်အကူဖြစ်စေပါသည်။ အဆိုပါဥပဒေများကို လျစ်လျူရှုပါက ဒဏ်ငွေနှင့် တရားဥပဒေဆိုင်ရာ အကျိုးဆက်များ ဖြစ်ပေါ်စေပြီး စီးနင်းသူများအနေဖြင့် ဥပဒေစည်းမျဉ်းများကို နားလည်လိုက်နာရန် မရှိမဖြစ်လိုအပ်ပါသည်။

ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC)၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ (၅)ရပ်နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ထားပါသည် -

(က) မော်တော်ယာဉ်မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်အသုံးပြုရန်၊

( ခ ) မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်အသုံးပြုရန်၊

( ဂ ) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊

(ဃ) မော်တော်ယာဉ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊

( င ) မော်တော်ယာဉ် မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရန်။

### တာဝန်သိစီးနင်းခြင်းအမူအကျင့်ကို မြှင့်တင်ခြင်း

ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် တာဝန်သိစွာ စီးနင်းခြင်း ယဉ်ကျေးမှုကို အားပေးပါသည်။ ဆိုင်ကယ်စီးနင်းသူများသည် အကာအကွယ်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ၎င်းတို့၏ဘေးကင်းရေးကို ဦးစားပေးသောအခါ အခြားသူများအတွက် အပြုသဘောဆောင်သော စံနမူနာတစ်ခုဖြစ်သည်။ ဤအပြုအမူသည် ဘေးကင်းသော အလေ့အကျင့်များကို ကျင့်သုံးရန် ဆိုင်ကယ်စီးနင်းသူအသစ်များအတွက် စံနမူနာဖြစ်ပါသည်။

ထို့အပြင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မော်တော်ဆိုင်ကယ်စီးခြင်းနှင့် ဆက်စပ်နေသော အန္တရာယ်များကို သတိပေးချက်အဖြစ် ဆောင်ရွက်ပေးနိုင်ပြီး လမ်းပေါ်တွင် စီးနင်းသူများ ပိုမိုသတိရှိရန် လှုံ့ဆော်ပေးပါသည်။ ဤအသိတရား မြင့်မားလာခြင်းသည် အာရုံထွေပြားခြင်းများကို ရှောင်ကြဉ်ခြင်း၊ လမ်းစည်းကမ်းလိုက်နာခြင်းနှင့် သင့်လျော်သော အရှိန်ဖြင့် စီးနင်းခြင်းကဲ့သို့သော ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်ချခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

နိဂုံးချုပ်အနေဖြင့် မော်တော်ဆိုင်ကယ်စီးရင်း ဆိုင်ကယ်စီးဦးထုပ်အမြဲဆောင်းရန် အရေးကြီးသော အလေ့အကျင့်တစ်ခုဖြစ်ပြီး ၎င်းသည် ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးကာ ဥပဒေကို လိုက်နာသော တာဝန်ယူမှုရှိသည့် စီးနင်းခြင်းယဉ်ကျေးမှုကို မြှင့်တင်ပေးပါသည်။ မော်တော်ဆိုင်ကယ်စီးသူများသည် လွတ်လပ်မှုကို နှစ်သက်သည်နှင့်အမျှ မိမိတို့ကိုယ်ကို ကာကွယ်ရန် အရေးကြီးကြောင်းကိုလည်း သတိထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဆုံးစွန်သောအားဖြင့် ဆိုင်ကယ်ဦးထုပ်သည် ကံဆိုးမိုးမှောင်ကျသည့်ဖြစ်ရပ်တွင် အသက်ကို ကယ်တင်နိုင်ပြီး ဒဏ်ရာပြင်းထန်မှုကို လျှော့ချနိုင်သည့် အရေးကြီးသော လုံခြုံရေးကိရိယာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မော်တော်ဆိုင်ကယ်စီးလျှင် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြရန် အားလုံးကို တိုက်တွန်းပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**❝ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မော်တော်ဆိုင်ကယ်စီးခြင်းနှင့် ဆက်စပ်နေသော အန္တရာယ်များကို သတိပေးချက်အဖြစ် ဆောင်ရွက်ပေးနိုင်ပြီး လမ်းပေါ်တွင် စီးနင်းသူများ ပိုမိုသတိရှိရန် လှုံ့ဆော်ပေးပါသည်။ ဤအသိတရား မြင့်မားလာခြင်းသည် အာရုံထွေပြားခြင်းများကို ရှောင်ကြဉ်ခြင်း၊ လမ်းစည်းကမ်းလိုက်နာခြင်းနှင့် သင့်လျော်သော အရှိန်ဖြင့် စီးနင်းခြင်းကဲ့သို့သော ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်ချခြင်းကို ဖြစ်ပေါ်စေနိုင်❞**

# လက်ကိုင်ဖုန်းစွဲလမ်းခြင်းနှင့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးအမျိုးမျိုး

— — — တင်ထက်ထက်ဇော် — — —

**လက်ရှိ ကမ္ဘာ့လူဦးရေ၏ ၅၄ ရာခိုင်နှုန်း (လူပေါင်း ၄ ဒသမ ၃ ဘီလီယံ) ခန့်သည် တယ်လီဖုန်း သုံးစွဲနေကြပြီး ၎င်းတို့အနက် လူတော်တော်များများသည် ဖုန်းကိုသုံးစွဲရာတွင် အလုပ်သဘောထက် အပျော်အပါးကိစ္စများ၌သာ အာရုံကျက်စားလေ့ရှိသည်။ တစ်နည်းဆိုရလျှင် စခရင်ပေါ်တွင် အကြည့်ကို ပို့လွှတ်စူးစိုက်၍ အချိန်ကြာမြင့်စွာ ဈာန်ဝင်စားခြင်းကြောင့် ရောဂါပေးစွမ်းနိုင်သောကိစ္စ၌ ထိပ်ဆုံးက ရပ်တည်နေသည်မှာ လက်ကိုင်ဖုန်းပင် ဖြစ်သည်။**



ပညာရှင်များ၏ လေ့လာချက်မှတ်တမ်းများအရ ဖုန်းကြောင့် ရောဂါရစေနိုင်မှု ရာခိုင်နှုန်းမှာ ၉၆ ရာခိုင်နှုန်းအထိပင်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် လက်ပ်တော့ပ် (Laptop) နှင့် ကွန်ပျူတာက ရောဂါရစေနိုင်မှု ၅၄ ရာခိုင်နှုန်း၊ ဘလူးတုသ် (Bluetooth) သုံးပါက ၃၂ ရာခိုင်နှုန်း၊ Wireless Router က ၂၀ ရာခိုင်နှုန်းနှင့် တက်ဘလက် (Tablet) သုံးလျှင် ၁၄ ရာခိုင်နှုန်း အန္တရာယ်ရှိကြောင်း သုတေသီများက ဆိုကြသည်။

အီလက်ထရွန်နစ်ကိရိယာများကို အလွန်အကျွံသုံးစွဲခြင်းကြောင့် မျက်စိအဝေးမှုန်ခြင်း၊ မျက်စိခြောက်ခြင်းနှင့်အတူ ဦးနှောက်ပိုင်းဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်သည်။ ဖုန်း၊ တက်ဘလက်တို့ကို စွဲလမ်းခြင်း သို့မဟုတ် အရူးအမူး သုံးစွဲခြင်းမှာ နီကိုတင်း၊ အရက်နှင့် မူးယစ်ဆေးဝါးများကို မသုံးစွဲရမနေနိုင် စွဲလမ်းရူးသွပ်သွားခြင်းနှင့် မခြားနားပေ။ စစ်တမ်းတစ်ခုအရ လူလားမြောက်ပြီးသား လူသားတစ်ဦးသည် တစ်နေ့တာအတွင်း လက်ကိုင်ဖုန်းကို ကောက်ကိုင်လိုက်၊ ပြန်ချလိုက်လုပ်မိသော အကြိမ်အရေအတွက်မှာ ၂၆၁၇ ကြိမ် အထိရှိကြောင်း သိရသည်။

ထိုမှုမက ဖုန်းကို အထိန်းအကွပ်မဲ့ ကြာမြင့်စွာ ကြည့်ရှုမှုကြောင့် ဖြစ်ပွားနိုင်သော ရောဂါများမှာ ဦးနှောက်အကျိတ်ကင်ဆာ (Brain Tumor)၊ အမျိုးသားဖိုမျိုးစေ့မြုံခြင်း (Male Infertility)၊ နှလုံးရောဂါ (Heart Disease)၊ အမျိုးသမီးများ သန္ဓေသားလောင်းနှင့် ဆိုင်သော ရောဂါ (Effect on Foetus)၊ နားကြားမှု အာရုံဆိုင်ရာရောဂါ (Ear Hearing Function)၊ အယ်လ်ဇိုင်းမားရောဂါ (Elzheimer's Disease)၊ ပါကင်ဆန်ရောဂါ (Perkinson's Disease) တို့ ဖြစ်ကြသည်။

### ဖုန်းကြောင့် အအိပ်ပျက်ခြင်း

ရှေးကာလများက အိပ်ရာဆိုသည်မှာ နားနားနေနေ အိပ်စက်အသုံးပြုရန်အတွက်သာ သီးသန့်ဖြစ်သည်။ သို့သော် အင်တာနက်မီဒီယာများကို လူတန်းစေ့နီးပါး သုံးစွဲလာကြပြီဖြစ်ရာ စမတ်ဖုန်းများ၊ တက်ဘလက်(Table)၊ လက်ပ်တော့ပ် (Laptop) စသည်တို့ကလည်း အိပ်ရာထဲကို ကျူးကျော်ဝင်ရောက်လာခဲ့ကြသည်။ ဖုန်းနှင့်အတူ အိပ်ရာဝင်လေ့ရှိသူများတွင် နောက်ဆက်တွဲဆိုးကျိုးအဖြစ် အောက်ပါတို့ကို မလွဲမသွေ ခံစားရနိုင်သည်။

- အိပ်ရေးပျက်ကာ မျက်စိကြောင်စေသည်။
- ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှု လျော့ကျလာသည်။
- ဖုန်းကို စက်ပိတ်ထားသည့်တိုင်အောင် ၎င်းအီလက်ထရွန်နစ်ပစ္စည်းများ၏ မျက်နှာပြင်က အလင်းထုတ်လွှတ်နိုင်သေးသည်ဖြစ်ရာ အထူးသဖြင့် ကလေးများမှာ အိပ်မောကျခြင်း မဖြစ်စေနိုင်တော့ပေ။
- ကလေးတွေအိပ်ရာထဲ ဖုန်းနှင့်အတူတူ အိပ်စက်ခြင်းက ၎င်းတို့ သက်တမ်းတစ်လျှောက် အဝလွန်ခြင်းနှင့် ဆီးချိုရောဂါကို ဖြစ်နိုင်ရုံမျှမက Alzheimer's (ခေါ်) အရွယ်မတိုင်မီ ဦးနှောက်ဇရာ အကြိုရောဂါ ဖြစ်လာရန် သေချာနေပါသည်။
- အိပ်ရေးမဝခြင်းက ဦးနှောက်ထဲရှိ ghrelin (ခေါ်) အစာစားချင်စိတ်ကို ချိုးနှိမ်ပေးသည့် ဟော်မုန်းထွက်ရှိမှုကို ကမောက်ကမဖြစ်စေသောကြောင့် ဗိုက်ဆာခြင်းနှင့် အာသာမပြေခြင်းတို့ကို ခံစားလာရသည်။ အထူးသဖြင့် အဆီနှင့် အချိုဓာတ်ကဲသော အစားအစာတွေကို အာသာငမ်းငမ်း စားလိုစိတ်ပြင်းပြလာတတ်သည်။
- ဖုန်းက ထုတ်လွှတ်လိုက်သည့် အပြာရောင် အလင်းရောင်စဉ်တန်းက အိပ်စက်ခြင်းကို အနှောင့်အယှက်ပေးသည်။ ၎င်းအလင်းရောင်စဉ်တန်းက ဦးနှောက်ထဲရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေနိုင်သည့် melatonin (ခေါ်) ဦးနှောက်ပိုင်းဆိုင်ရာဓာတုပစ္စည်းကို အလွန်အမင်း လှုံ့ဆော်နှိုးဆွပေးနေသဖြင့် အိပ်မရခြင်းကို ဖြစ်စေသည်။
- အထူးသတိပြုရန်မှာ သာမန်ညအိပ်မီးသီးလေးမှ ထွက်ရှိသော အလင်းရောင်စဉ်ကလေးသည်ပင်လျှင် insomnia (ခေါ်) အိပ်မရခြင်းဝေဒနာကို ခံစားရနိုင်သည်။ ထို့ကြောင့် ဖုန်းမျက်နှာပြင်မှ ထုတ်လွှတ်လိုက်သည့် အပြာရောင်အလင်းတန်းများက ညအချိန်မှာ ကြီးစွာသော ကျန်းမာရေးဒုက္ခကိုပေးနိုင်သဖြင့် အလွန်ဆိုးရွား ကြောက်မက်ဖွယ်ကောင်းသည့် အိပ်ရေးပျက်ခြင်း မိစ္ဆာတစ္ဆေကို အိပ်ရာထဲထား မအိပ်သင့်ပေ။
- လူမှုရေးနှင့် ဘဝကျွမ်းကျင်မှုဆိုင်ရာများ ဖွံ့ဖြိုးမှုနှေးကွေးလာခြင်းနှင့်အတူ ယုံကြည်မှု ကျဆင်းခြင်းပြဿနာ၊ စိုးရိမ်သောကရောက်တတ်သောပြဿနာများလည်း ရင်ဆိုင်လာရသည်။

ဆယ်ကျော်သက်ရွယ်အများစုသည် ဟန်းဖုန်းအပေါ်မှာ နှစ်သက်စွဲလမ်းလွန်းသဖြင့် ဖုန်းမပါဘဲ အိပ်ရာမဝင်တတ်ကြတော့ပေ။ ညစဉ် ညတိုင်း အိပ်ရာထဲမှာ ဖုန်းဖြင့် game ဆော့ခြင်း သို့မဟုတ် စာရိုက် chatting တွေ ပြောနေကြသဖြင့် အိပ်စက်ချိန် နောက်ကျလေ့ရှိကြပြီး နောက်တစ်နေ့နံနက် ကျောင်းစာသင်ခန်းထဲရောက်သည့်အခါ သမ်းဝေငိုက်မျဉ်းခြင်း၊ အိပ်ရေးမဝခြင်းတို့ဖြစ်ကာ ကျောင်းစာအပေါ်မှာ အာရုံမစိုက်နိုင်တော့ပေ။ ထိုသို့ စွဲလမ်းခြင်းသည် ပညာရေးကို ထိခိုက်လာစေသည့်အပြင် ကျန်းမာရေး၊ လူမှုရေးတွေမှာပါ ပြဿနာရှိလာနိုင်သည်။

မြီးကောင်ပေါက်များ ညဘက် chatting စာရိုက်ခြင်းနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုရှိ Rutgers New Jersey Medical School မှ Dr.Xue Ming က "လူငယ်တွေ အီလက်ထရွန်နစ်ပစ္စည်းတွေပေါ်မှာ စွဲလမ်းလွန်းနေတာကို လူကြီးမိဘတွေအနေနဲ့ လမ်းကြောင်းမှန်ကို တည့်မတ်စောင့်ကြပ်ပေးဖို့လိုပါတယ်။ သူတို့လေးတွေ ဖုန်းစွဲနေတာဟာ အိပ်ရာဝင်ချိန် နောက်ကျသွားတာကြောင့် အိပ်ရာထချိန်လည်း မမှန်တော့ဘူး။ အဲဒီအခါမှာ ကျောင်းစာတွေ မလိုက်နိုင် ဖြစ်ကုန်ကြပါတယ်၊ လေ့လာဆန်းစစ်မှုမှတ်တမ်းအရ အသက် ၈ နှစ်မှ ၁၈ နှစ်ကြား ဆယ်ကျော်သက်တွေမှာ အီလက်ထရွန်နစ်သုံးစွဲချိန်ဟာ ပျမ်းမျှ တစ်နေ့ကို ခုနစ်နာရီ၊ ခုနစ်နာရီခွဲလောက်ကြာအောင် သုံးနေကြတာကို တွေ့နေရပါတယ်" ဟုဆိုသည်။

ဆက်လက်၍ Dr.Xue Ming က "ကျောင်းသူ ကျောင်းသားတွေအနေနဲ့ တစ်ညကို နာရီဝက်ထက်ပိုပြီး ဖုန်းမသုံးသင့်ပါဘူး။ ဆယ်ကျော်သက်အရွယ်တွေသာမက လူကြီးပိုင်းတွေမှာလည်း ညဘက်အိပ်မပျော်လို့ဆိုပြီး ဆေးရုံကိုလာပြကြတဲ့ လူနာအများစုဟာ စမတ်ဖုန်းတွေကို ညဘက် အသုံးများသူတွေ ဖြစ်နေတာကိုတွေ့ရပါတယ်" ဟု သတိပေးထားသည်။ ထိုသို့ စမတ်ဖုန်း စွဲလမ်းမှု ပြဿနာနှင့်ပတ်သက်ပြီး New Jersey Medical School မှ သုတေသီအဖွဲ့တစ်ဖွဲ့သည် လူဦးရေ ၁၅၃၇ ဦးကို လေ့လာခဲ့ရာမှာ ဖုန်းထဲမှထွက်ရှိသော အီလက်ထရွန်နစ် အပြာရောင်အလင်းတန်းသည် လူကို အိပ်ချင်စိတ်ဖြစ်ပေါ်စေသည့် ဦးနှောက်မှ melatonin ဓာတ်ထွက်ရှိလာမှုကို ဟန့်တားပစ်လိုက်သဖြင့် အိပ်ချင်စိတ်ကို တဖြည်းဖြည်း နောက်ဆုတ်သွားစေကြောင်း လေ့လာတွေ့ရှိရသည်။

ထိုမျှမက ညအမှောင်ထဲမှာ မျက်စိမှိတ်ပြီး ဖုန်းပြောခြင်းကလည်း အိပ်စက်မှုကို ထိခိုက်စေသည်။ အဘယ်ကြောင့်ဆိုသော် စမတ်ဖုန်းက ထွက်ရှိသည့် အီလက်ထရွန်နစ် အပြာရောင်အလင်းတန်းက မျက်ခွံမှ တစ်ဆင့် ထိုးဖောက်ဝင်ရောက်သွားပြီး အာရုံခံအဖွဲ့အစည်းကို ကမောက်ကမ ဖြစ်စေကာ အိပ်ချင်စိတ်ကို ကြီးစွာသော အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် ညဘက်စမတ်ဖုန်းများကို သုံးစွဲသည့်အခါ လျှပ်စစ်မီးအလင်းရောင်ရရှိနိုင်သော နေရာမှာသာ သုံးစွဲသင့်သည်။ ၎င်းလျှပ်စစ်မီး အလင်းရောင်က ဖုန်းထဲမှ ယိုစိမ့်ထွက်လာသည့် အပြာရောင်အလင်းတန်းကို တန်ပြန်တိုက်ထုတ်ပေးနိုင်၍ ဦးနှောက်မှ melatonin ဓာတ် ထွက်ရှိလာမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေကာ အိပ်မပျော်ခြင်းပြဿနာကို သက်သာပြေလျော့စေနိုင်သည်။

သို့ပါ၍ ညဘက် ဖုန်းကြာကြာပြောခြင်း သို့မဟုတ် game ဆော့ခြင်း သို့မဟုတ် ဖုန်း chatting စာရိုက်သည့်အခါ မီးမှိတ်ထားသည့် အိပ်ရာထဲမှာ အသုံးပြုခြင်းကို ရှောင်ကြဉ်သင့်ကြောင်း၊ ကြီးကောင်ဝင်စအရွယ်တွေမှာ ဘက်စုံကျန်းမာရေးအတွက် တစ်ညကို ၈ နာရီ သို့မဟုတ် ၈ နာရီခွဲခန့်ကြာအောင် အိပ်ရေးဝဝ အိပ်စက်သင့်သည်။ လူကြီးမိဘများအနေဖြင့်လည်း သားသမီးများ ညအချိန် ဖုန်းသုံးခြင်းကို သတိပြုစောင့်ကြပ် လေ့လာသင့်ပါသည်။

ကလေးများ အိပ်ရေးမပျက်စေရေးအတွက် မိဘများကလည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ မိဘများကိုယ်တိုင် ဖုန်းကို အိပ်ရာထဲထည့်၍ အသုံးပြုနေခြင်းက သား၊ သမီးများအတွက် မှားယွင်းသော အတုယူမှု ဖြစ်စေသည်။ အထက်ဖော်ပြပါ အိပ်ရေးပျက်ခြင်းဆိုင်ရာ ကျန်းမာရေးပြဿနာမျိုးကို ဆယ်ကျော်သက်အရွယ်များသာမက အရွယ်ရောက်ပြီးသူ လူကြီးများလည်း မလွဲမသွေကြုံတွေ့ခံစားရနိုင်ပါသည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံမှ လူထုကျန်းမာရေးအသင်းအဖွဲ့တစ်ခုမှ ဆယ်ကျော်သက်များကို ဦးတည်၍ ပညာပေးဆောင်ပုဒ်တစ်ခု ထုတ်ပြန်ခဲ့သည်။ ၎င်းဆောင်ပုဒ်မှာ FOMO (fear of missing out) ဖြစ်ပြီး ဆိုလိုချက်က ညအိပ်ရာဝင်ခါနီးတိုင်း ဖုန်းကို ပိတ်ထားကြရန် တိုက်တွန်းထားခြင်း ဖြစ်သည်။

### ဟန်းဖုန်းသုံးစဉ် သတိယှဉ်

တိုးတက်ခေတ်မီလာသော အင်တာနက်ခေတ်ရေစီးကြောင်းနှင့်အညီ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်ကစ၍ လူတန်းစေ့နီးပါး ဟန်းဖုန်းကိုင်နိုင်သော အခွင့်အရေးရှိလာခဲ့သည်။ သာရေး၊ နာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး စသည့် လူမှုရေးရာကိစ္စအရပ်ရပ်အတွက် အချိန်မရွေး အသုံးပြုနိုင်သဖြင့် ဟန်းဖုန်းက အလွန်အရေးပါ အရာရောက်ကာ အသုံးတည့်လှပါသည်။

ဟန်းဖုန်းသုံးစွဲခြင်း အန္တရာယ်နှင့်ပတ်သက်၍ အချို့သူများက သိထားကြပြီးဖြစ်သလို၊ အခြားမသိသေးသော လူအများစုအတွက် အကြံပြုမျှရပါလျှင် (က) ဖုန်းကို ဘယ်ဘက်(ဝဲဘက်) နားဖြင့်သာ နားထောင်ပါ။ (ခ) ဖုန်းဘက်ထရီအား အနည်းငယ်မျှသာ ကျန်ရှိနေပါလျှင် ဖုန်းနားမထောင်ပါနှင့်။ ထိုအချိန်တွင် ရေဒီယိုသတ္တိကြွနှုန်းက ပုံမှန်ဘက်ထရီအားပြည့်ချိန်ထက် အဆ ၁၀၀၀ မျှ အကြားအာရုံကို ဝန်အားပိစေပါသည်။ (ဂ) ဖုန်းကို ခေါင်းအုံးအောက်ထား၍ မအိပ်ပါနှင့်။

*စာမျက်နှာ ၁၈ သို့*

**❖ ဆယ်ကျော်သက်ရွယ်အများစုသည် ဟန်းဖုန်းအပေါ်မှာ နှစ်သက်စွဲလမ်းလွန်းသဖြင့် ဖုန်းမပါဘဲ အိပ်ရာမဝင်တတ်ကြတော့ပေ။ ညစဉ် ညတိုင်း အိပ်ရာထဲမှာ ဖုန်းဖြင့် game ဆော့ခြင်း သို့မဟုတ် စာရိုက် chatting တွေ ပြောနေကြသဖြင့် အိပ်စက်ချိန် နောက်ကျလေ့ရှိကြပြီး နောက်တစ်နေ့နံနက် ကျောင်းစာသင်ခန်းထဲရောက်သည့်အခါ သမ်းဝေငိုက်မျဉ်းခြင်း၊ အိပ်ရေးမဝခြင်းတို့ဖြစ်ကာ ကျောင်းစာအပေါ်မှာ အာရုံမစိုက်နိုင်တော့ပေ။ ထိုသို့ စွဲလမ်းခြင်းသည် ပညာရေးကို ထိခိုက်လာစေသည့်အပြင် ကျန်းမာရေး၊ လူမှုရေးတွေမှာပါ ပြဿနာရှိလာနိုင်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂)ခုရှိရာ အောက်တိုဘာ ၂၃ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါးအချပ် (၂၀) ထောင်ထားသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၃.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၃.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၇၅၆၈ | ၆၂၆.၅၃ | ၅၆၂၈၈၅ | ၁၇၉၅၂ (လျှပ်စစ်ထုတ်ရေ) | - | - | - | - | ၀.၆၅ | ၆၂၆.၆၃ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၇.၂၅ | ၂၈၃၉၇ | - | ၇.၇၅ | ၈၁၀၃ | - | - | ၀.၁၀ | ၆၂၇.၂၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၁၃၀ | ၅၁၈.၉၀ | ၈၈၇၆၇ | ၂၇၁ | ၁.၁၀ | ၃၀၀၃ | - | - | ၂.၅၄ | ၅၁၈.၆၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၂၄၅ | ၅၀၉.၅၀ | ၁၀၄၅၂ | ၄ | ၂.၅၀ | ၁၈၀၅ | - | - | ၁.၉၈ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၂၂ | ၄၃၇.၈၂ | ၆၉၄၆၀ | ၂၈၄ | ၁.၁၈ | ၃၅၄၀ | - | - | ၀.၇၁ | ၄၃၇.၇၈ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၇၃ | ၅၃၄.၆၀ | ၇၃၃၉၂ | - | ၀.၄၀ | ၁၆၀၈ | - | - | ၀.၈၀ | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၉ | ၇၅၂၆ | ၁၁ | ၂.၁၁ | ၁၁၉၂ | - | - | ၀.၂၇ | ၄၁၅.၉၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၄၈ | ၇၀၃.၄၅ | ၁၀၇၁၅၁ | ၁၆၅ | ၆.၅၅ | ၃၅၉၃၉ | - | - | ၀.၈၄ | ၇၀၃.၄၄ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၃ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၅၈ | ၈၆၃.၅၀ | ၁၀၁၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | ၀.၉၅ | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၃၀ | ၆၇၄.၀၀ |

**မှတ်ချက်** - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

*စာမျက်နှာ ၁၇ မှ*

ဟန်းဖုန်း၏ ထောင့်စွန်းမှ ရေဒီယိုသတ္တိကြွဓာတ်များက အချိန်ပြည့် ထုတ်လွှတ်နေသဖြင့် ဦးနှောက်ကိုထိခိုက်စေကာ ဦးနှောက်အကျိတ်၊ ကင်ဆာ ဖြစ်စေတတ်သည်။ (ဃ) ညဘက်အိပ်ပျော်နေစဉ် ဟန်းဖုန်းမှ ထုတ်လွှတ်သော ရေဒီယိုသတ္တိကြွဓာတ်များအန္တရာယ်မှ လျော့ကျစေရန်အတွက် ဖုန်းကို မိမိနှင့်ခပ်လှမ်းလှမ်းနေရာတွင် တင်ထားပါ။ ဖုန်းကို နားနှင့်ကပ်၍မပြောဘဲ speaker (စပီကာ)ကိုသာ ဖွင့်ပြောပါ။ ဖြစ်နိုင်လျှင် ဖုန်းမပြောဘဲ message(စာ) ရိုက်၍သုံးပါ။ နံနက်နိုးစက်အတွက် ဟန်းဖုန်းကို အသုံးပြုမည်ဆိုပါက "airplane mode" (ခလုတ်)ကို နှိပ်၍သုံးပါ။

### အားသွင်းနေစဉ် ဖုန်းပြောခြင်းက လူကိုသေစေနိုင်

ဟန်းဖုန်းများက အင်မတန်အသုံးတည့်လှသော်လည်း သတိနှင့် ကိုင်တွယ်တတ်ဖို့ အထူးအရေးကြီးပါသည်။ မသုံးတတ်လျှင် အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်းကို CNN သတင်းမှာ ယခုလို ဖော်ပြသွားသည်။ အမေရိကန်နိုင်ငံမှ ဖြစ်ရပ်မှန်သတင်းတစ်ပုဒ်ဖြစ်သည်။ အမျိုးသားငယ်တစ်ဦးသည် ဖုန်းဘက်ထရီအားသွင်းနေစဉ် ဖုန်းသံမြည်လာရာ အားသွင်းကြိုးမဖြုတ်ဘဲ စကားပြောခဲ့သည်။ စက္ကန့်အနည်းငယ်အတွင်းမှာ ဖုန်းထဲကိုဝင်လာသည့် ဓာတ်စီးအားက မထိန်းချုပ်နိုင်ဘဲ သူ့ကို လွင့်ပစ်သလို မြေပြင်ပေါ် ဗုန်းခနဲ လဲကျစေခဲ့သည်။ အသံကြားသဖြင့် ချက်ချင်းဆိုသလို မိသားစုတွေ အနားရောက်လာချိန်မှာ သူ့နှလုံးမခုန်တော့ဘဲ လက်ချောင်းထိပ်များ မီးလောင်သလို ကွေးကောက်ကာ သတိလစ်နေသည်။ ဆေးရုံရောက်ချိန်တွင် ထိုလူငယ် အသက်မရှိတော့ပေ။

ထို့ကြောင့် ဖုန်းထုတ်လုပ်သည့်ကုမ္ပဏီများက အန္တရာယ်ကင်းစွာ အသုံးချတတ်ဖို့ ဖုန်းဘက်ထရီနောက်ကျောနှင့် အိတ်ခွံများပေါ်မှာ ယခုလို သတိပေးစာရေးထားကြသည်။ (က) မတူညီ မလိုက်ဖက်သော ဖုန်းအားသွင်းကြိုးဖြင့် ဖုန်းဘက်ထရီအားမဖြည့်ပါနှင့်။ (ခ) ဖုန်းကို ချွန်သည့်အရာဖြင့် ဖိထိုးခြင်း၊ အပေါက်ဖြစ်စေခြင်းမျိုး မလုပ်ပါနှင့်။ (ဂ) တခြားဓာတ်သတ္တုပစ္စည်းများဖြင့် ဖုန်းကို မပွတ်မိပါစေနှင့်။ (ဃ) ဖုန်းကို အောက်သို့ပြုတ်မကျပါစေနှင့်။ (င) နေပူထဲ သို့မဟုတ် မီးအပူနားဖုန်းမထားပါနှင့်။ (စ) ဖုန်းကို ရေမစိုပါစေနှင့်။ (ဆ) ဖုန်းဝယ်သည့်အခါ ဖုန်းဘက်ထရီအားသွင်းနည်း၊ အသုံးပြုပုံနှင့် ဘက်ထရီသက်တမ်း စသည်တို့ကို ညွှန်ကြားချက်ပါစာအတိုင်း လိုက်နာသုံးစွဲပါ။

အချုပ်အားဖြင့်ဆိုသော် လက်တစ်ဝါးမျှသာရှိသော လက်ကိုင်ဖုန်းလေးက ဆက်သွယ်ရေးအတွက် ကောင်းကျိုးပြုပေးသလို ဘေးထွက်ဆိုးကျိုးလည်း များလှသည်။ မိသားစုစုံညီ အတူရှိနေကြပါလျက် ဖုန်းကိုယ်စီကြည့်ကာ နွေးထွေးမှုကင်းသော စည်းခြားထားသည်။ ယင်းနှင့်အတူ ဖုန်းအသုံးပြုခြင်းကြောင့် ငွေကုန်ကြေးကျ များလာသည်။ စာရေးသူတို့ မြန်မာနိုင်ငံတွင် ဆယ်ကျော်သက်တချို့က အိမ်သာထဲအထိ ဖုန်းယူသွားကြပြီး အိမ်သာကျင်းထဲ ဖုန်းပြုတ်ကျသဖြင့် လိုက်ဆယ်ယူရာ အသက်ဘေးနှင့် ကြုံတွေ့ကြရသည့် သတင်းဆိုးများ မကြာခဏကြားနေရသည်။ ထို့ပြင် တချို့ကလည်း တစ်ညတာလုံး ဖုန်းဘက်ထရီအားသွင်းထားမိခြင်း သို့မဟုတ် ကြွပ်ကြွပ်အိတ်ထဲ ဖုန်းထည့်၍ အားသွင်းခြင်းတို့ကြောင့် မီးဘေးအန္တရာယ်ကြုံရသည်။ ထို့ကြောင့် ညအိပ်ရာဝင်ခါနီး ဖုန်းကိုလုံးဝပိတ်ထားခြင်းက ဘေးအကင်းဆုံးဖြစ်ပါကြောင်းနှင့် နိစ္စဓူဝလူမှုဘဝမှာ ဖုန်းက မရှိမဖြစ်ဆိုသော်လည်း အလွန်အကျွံ ဖက်တွယ်ထားခြင်းမျိုးကို ဆင်ခြင်သင့်ပါကြောင်း။ ။

## ရွှေတောင်မြို့နယ် အလက ချည်မျှင်ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ



**ရွှေတောင် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အလက ချည်မျှင်ကျောင်းခန်းမ၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အလက ချည်မျှင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလက ချည်မျှင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အသိစိတ်၊ လူငယ်နှင့် ယုံကြည်မှု၊ လူငယ်နှင့် အခွင့်အလမ်း၊ လူငယ်နှင့်ပညာရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသူ ကျောင်းသား ကျောင်းသူများက ကဏ္ဍအလိုက် သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

**တောင်ငူ အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၂၂ ရက်က တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ ထီးလှိုင်လမ်းနှင့် ကေတုမတီရှေးဟောင်း ကျုံးကြား၌ အများပြည်သူ စိတ်လက်အပန်းဖြေ နိုင်စေရေးဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ (၁၆)ရပ်ကွက် (၁)လမ်း၌ ပဲခူးတိုင်းဒေသကြီး MSMEs ဒေသထွက်ကုန်အရောင်းစင်တာ ဖွင့်လှစ်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ ကေတုမတီရှေးဟောင်းကျုံး ယိုးဒယားပေါက်သို့ ရောက်ရှိစစ်ဆေးပြီး ကျုံးလမ်းတစ်လျှောက် ကျူးကျော်မှုမရှိစေရေး၊ အစဉ်အမြဲသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ကျုံးအတွင်းမှ စစ်တောင်းမြစ်အတွင်းသို့ တစ်ခုတည်းသော ရေထွက်ပေါက်ဖြစ်၍ ရေလမ်းကြောင်းပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကေတုမတီမြို့ သဝန်ငယ်ရပ်ကွက်ရှိ ဦးညဏ်ဝင်း၏ တစ်ရက် ၁၀ တန်ကျ စက္ကူပျော့ဖတ်စက်ရုံသို့ ရောက်ရှိပြီး ကောက်ရိုး၊ ကြံကြိတ်ဖတ်နှင့် ဝါးများမှ ပျော့ဖတ်များထုတ်၍ ပြည်ပသွင်းကုန်အစားထိုး စက္ကူထုတ်လုပ်နိုင်ရေး အကြံပြုပြောကြားပြီး စက်ရုံအတွင်း ပြန်လည်သန့်စင်စနစ်ဖြင့် စက္ကူထုတ်လုပ်မှုများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်



**ဘားအံ အောက်တိုဘာ ၂၃**

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် ရာဂီမုန်တိုင်းအရှိန်တို့ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

**ထိခိုက်ပျက်စီးနေအိမ်အတွက် ထောက်ပံ့**

အဆိုပါ ထောက်ပံ့ငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့တို့က ထောက်ပံ့ ပေးအပ်ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားကာ ပထမအကြိမ် ရေကြီးရေလျှံမှုတွင် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ်များရှိ စုစုပေါင်းထိခိုက်ပျက်စီးနေအိမ် ၃၆ လုံးအတွက် နေအိမ်တစ်လုံးလျှင် ၂ ဒသမ ၃၅ ကျပ် သန်းနှုန်းဖြင့် ပြည်နယ်အစိုးရအဖွဲ့ ရေဘေးကယ်ဆယ်ရေး အလှူငွေမှ လည်းကောင်း၊ ဒုတိယအကြိမ် ရာဂီမုန်တိုင်း အရှိန်ကြောင့် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ်တို့မှ စုစုပေါင်းထိခိုက်ပျက်စီးနေအိမ် ၂၆ လုံးအတွက် နေအိမ်တစ်လုံးလျှင် ၂ ဒသမ ၃၅ ကျပ် သန်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုရန်ပုံငွေမှလည်းကောင်း စုစုပေါင်း ထိခိုက်ပျက်စီးနေအိမ် ၆၂ လုံးအတွက် ငွေကျပ် ၁၄၅ ဒသမ ၇ သန်းကို ထောက်ပံ့ပေးအပ်ခဲ့ရာ နေအိမ်ထိခိုက်ပျက်စီးသူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ထောက်ပံ့ငွေထုတ်ပေးနေမှု ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသူများအား အားပေးစကား ပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးသူများအား အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေစနစ်တကျ ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ အားပေးစကားများပြောကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မုန်ချိုတိုင်းရင်းဆေးတိုက်မှ အာမခံအလုပ်သမား ဦးဝင်းထက်စိုးသည် လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် ထိခိုက်ဒဏ်ရာရရှိမှုအတွက် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ၇၅ ရာခိုင်နှုန်း ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါစက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ဦးဝင်းထက်စိုး အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ၇၅ ရာခိုင်နှုန်း ခွင့်ပြုငွေကျပ် ၁၃၂၃၀၀၀၀ ကို အာမခံအလုပ်သမား၏ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ထက်ထက်မိုးအား တာဝန်ရှိသူများ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပေါင်မြို့နယ်(အထက)ကျွဲခြံကျောင်း၌ ဥပဒေရေးရာဆိုင်ရာ အသိပညာပေး

**ပေါင် အောက်တိုဘာ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ်(အထက)ကျွဲခြံကျောင်း၌ မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းကပြုလုပ်ရာ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်ဝတ်ရည်ဦးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား ကျောင်းသူများ သိသင့်သည့် ဥပဒေဆိုင်ရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ပေါင်မြို့မစခန်းမှူး ဒုရဲမှူးမင်းဦးက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ လူကုန်ကူးမှု၏ဆိုးကျိုးများကို ဟောပြောသည်။

ထို့နောက် တာဝန်ရှိသူများက ဆွေးနွေးခဲ့သည့်အကြောင်းအရာများကို ဖြည့်စွက်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများမေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များပြသထားမှုကို ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

၂၃-၁၀-၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၉၆ | ၈၁၆၀၀၀ |
| MTSH | ၃၃၅၀ | ၃၃၀၀ | ၂၁၅၀ | ၇၁၀၂၀၀၀ |
| MCB | ၈၅၀၀ | ၈၅၀၀ | ၃ | ၂၅၅၀၀ |
| FPB | ၂၀၀၀ | ၂၁၀၀ | ၁၇၅၂ | ၃၆၆၉၄၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၆၅ | ၁၈၂၀၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၃၂၅ | ၂၂၂၅၀၀၀ |
| AMATA | ၄၄၀၀ | ၄၄၀၀ | ၇ | ၃၀၈၀၀ |
| MAEX | ၃၃၅၀ | ၃၄၀၀ | ၆၀၅ | ၂၀၉၀၂၅၀ |
| MADPL (PLB) | ၃၅၀၀၀ | ၃၅၀၀၀ | ၀ | ၀ |

# ကချင်ပြည်နယ်ဝန်ကြီးချုပ် အမျိုးသားအားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှု ကြည့်ရှုအားပေး



**မြစ်ကြီးနား အောက်တိုဘာ ၂၃**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ကချင်ပြည်နယ်အနေဖြင့် အားကစားနည်း (၂၁) နည်း၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်ပြင်ဆင်ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၃ ရက်က မြစ်ကြီးနားမြို့ပေါ်ရှိ အားကစားရုံ၊ အားကစားကွင်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ်မြန်မာ့သိုင်းဆပ်ကော်မတီက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ကစားသမား စိစစ်ရွေးချယ်နိုင်ရေး မြန်မာ့သိုင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့သိုင်းအားကစားနည်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ဇာတိမာန်စိတ်ဓာတ်တို့ကို အဓိကဖော်ကျူးပြသသည့် အားကစားနည်းဖြစ်ကြောင်း၊ ထို့ပြင် ရှေးဘုရင်များလက်ထက် နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့်အပြင် မိဘမျိုးရိုးအစဉ်အဆက် စောင့်ထိန်းခဲ့ကြသဖြင့် မိမိတို့လူမျိုး၏ ကိုယ်ခံအတတ်ပညာတစ်ခုအနေဖြင့် မျိုးဆက်သစ်များက အမြတ်တနိုး၊ တလေးတစား သင်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ ကချင်ပြည်နယ်၏ မြန်မာ့သိုင်းအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးကို ရှေးရှုပြီး လေးစားစွာ စနစ်တကျ သင်ကြားလေ့ကျင့်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်မြန်မာ့သိုင်းဆပ်ကော်မတီမှ နည်းပြများ၊ လက်ရွေးစင်ကစားသမားများက လက်သိုင်း၊ တုတ်သိုင်း၊ ဓားရှည်ဗန်ဒို လက်နက်မဲ့တိုက်ခိုက်ခြင်း၊ အဲမောင်းလှံရှည်စွမ်းရည်၊ ဆက်ရက်တောင်ပျံဓားနှင့် လက်စွမ်းရည်၊ ဝိုင်းကြီးထွက်သိုင်းပညာ စသည့် သိုင်းစွမ်းရည်များနှင့် မြန်မာ့ဓားရေးကျင့်စဉ်နှင့် အထူးစွမ်းရည်များ လေ့ကျင့်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်ကာ နည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငြိမ်းချမ်းသာယာအားကစားရပ်ဝန်းအတွင်းရှိ ဘော်လီဘောအားကစားရုံသို့ သွားရောက်ပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လက်ရွေးစင်ကစားသမားများ စိစစ်ရွေးချယ်နိုင်ရေး ပြည်နယ်ဘော်လီဘောဆပ်ကော်မတီက စခန်းသွင်းလေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအမျိုးသမီးဘော်လီဘော အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြကာ(ဓာတ်ပုံ) ပြည်နယ်ဝန်ကြီးချုပ်က စခန်းသွင်းကစားသမားများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် နည်းပြများအတွက် ချီးမြှင့်ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ကြက်တောင်အားကစားခန်းမ၌ ကြက်တောင်ရိုက်အားကစားနည်းအတွက် ပြည်နယ်ကြက်တောင်ဆပ်ကော်မတီက ကနဦး လူစိစစ်ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ကြက်တောင်ရိုက်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်တွေ့ဆုံ၍ လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လိုအပ်ချက်များကို မေးမြန်းအားပေးကာ ထောက်ပံ့ငွေကျပ် ခြောက်သိန်းကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အားကစားနည်းအလိုက် လက်ရွေးစင် စိစစ်ရွေးချယ်ခြင်း၊ စခန်းသွင်းလေ့ကျင့်ရာတွင် လိုအပ်ချက်များအပေါ် အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေးနှင့် အမျိုးသားအားကစားပွဲတော်တွင် အောင်နိုင်မှုရရှိရေး ကြိုးစားကြရေးဆပ်ကော်မတီ တာဝန်ရှိသူများနှင့် တာဝန်ရှိသူများအကြား ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**ဒိုက်ဦး အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ကြွေးခင်တန်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေများ (ဒသမ) အကြိမ် ထုတ်ချေးပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ကြောင်း သိရသည်။



ဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အသေးစားကုန်ထုတ်လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး အောင်မြင့်ထွန်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြွေးခင်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ ငွေကျပ် ၂၄၇ သိန်းငါးသောင်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦး ငွေကျပ် ၂၂၂ သိန်းငါးသောင်း၊ စုစုပေါင်းအသင်းသူ အသင်းသား ၁၂၅ ဦးအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၇၀ ကို အတိုးနှုန်းသက်သာစွာဖြင့် အသင်းသူ အသင်းသားများ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## မိုင်းရှူးမြို့နယ် ပန်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃၇ သိန်း ထုတ်ချေး

**မိုင်းရှူး အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်စွဲကျေးရွာအုပ်စု ပန်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှခေးက ပန်နောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ပန်နောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပန်နောင်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား အသင်းသူ ၃၁ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃၇ သိန်းကို နဝမအကြိမ်မြောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**



## ပခုက္ကူမြို့ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်

**ပခုက္ကူ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက်က လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပခုက္ကူမြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာ အောင်ဝင်း(မျိုးချစ်သူ-ရေစကြိုသား)က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း (ပခုက္ကူ)က ကိုယ်တိုင်ရေးသား ထုတ်ဝေထားသော "အရိုင်းခြေရာနှင့် အခြားဝတ္ထုတိုများ"စာအုပ်အကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာ ဆရာမများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကာ အပြန်အလှန်ဆွေးနွေးကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## နတ်ရှာ(နေပြည်တော်-မြို့သစ်-ကံပြားလမ်း)ပြီးစီးမှုကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မြို့သစ် အောက်တိုဘာ ၂၃

မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နတ်ရှာ (နေပြည်တော်-မြို့သစ်-ကံပြားလမ်း) စုစုပေါင်း(၂/၀ မိုင် )ရှိသည့်အနက် တိုင်းဒေသကြီး (ပြင်/ထိန်း) ရန်ပုံငွေကျပ် ၁၃ ဒသမ ၅၀၀ သန်းဖြင့် ဆောင်ရွက်နေသည့် နတ်ရှာ (နေပြည်တော်-မြို့သစ်- ကံပြားလမ်း) (၁ /၀ မိုင်-၂/၀မိုင်)ကြား မြေနီခင်း၍ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၂ ရက်က သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဆလိုင်းနေအောင်ဆန်းတို့က မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး



လမ်းများ ရေရှည်ကောင်းမွန်ရေးနှင့် ရာသီမရွေး သွားလာနိုင်စေရေး၊ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်သည်များ မှာကြားသည်။

အဆိုပါလမ်းကို ပြုပြင်ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးပြုကျေးရွာ တစ်ရွာ၊ အိမ်ခြေ ၂၁၁ အိမ်၊ လူဦးရေ ၁၁၁၂ ဦးတို့ ဖြတ်သန်းသွားလာအသုံးပြုလျက်ရှိကာ စုစုပေါင်း စိုက်ပျိုးဧက ၁၀၀၀ ခန့်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်နိုင်ဦးထံမှ သိရသည်။

ကိုဇော်(ပြန်/ဆက်)

## ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သူများ၏ လယ်ယာမြေကေများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံ ထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူး နှင့် တာဝန်ရှိသူများက အောင်သုခကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွဲလွဲနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက အောင်သုခကျေးရွာတွင် အရှည်ပေ ၂၁၃၀၊ အကျယ် ၁၂ ပေ၊ မြေသားထု တစ်ပေ၊ သဲဖြူန်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ယင်းလမ်းပေါ်ရှိ ကွန်ကရစ်ရေကျော်တံတားတစ်စင်း၊ ရေပြွန်တံတားလေးစင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အောင်သုခကျေးရွာရှိ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်



## စာကြည့်တိုက်များအတွက် ပရိဘောဂနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ကျိုင်းတုံ အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပရိဘောဂနှင့် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၂ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေက အမှာစကား



ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုးနိုင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာအုပ်စာစောင်များကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ပြီး အသိပညာဗဟုသုတများတိုးပွားလာစေရန်အတွက် ပရိဘောဂနှင့် စာအုပ်စာစောင်များ လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မတည်ငွေကျပ်သိန်း ၅၀ ဖြင့် ထောက်ပံ့ပေးသည့် ကျေးရွာစာကြည့်တိုက် နှစ်တိုက်အတွက် ပရိဘောဂနှင့် စာအုပ်စာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဝင်များ၊ ခေတ္တမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က စာအုပ်၊ စာစောင်များကို ပေးအပ်သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျိုင်းတုံမြို့နယ်အတွင်း စံညီ(၅)ရပ်နှင့် ကိုက်ညီသည့် ကျေးရွာစာကြည့်တိုက် ခုနစ်တိုက်အတွက် ငွေကျပ် ၁၄ သိန်း တန်ဖိုးရှိ စာအုပ်၊ စာစောင် ၈၄၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

မိတ္ထီလာ အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပါဝင်သော ကာကွယ်ဆေးထိုးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံလျက်ရှိရာ ယနေ့အထိ ကျေးရွာခုနစ်ရွာမှ ကျွဲ၊ နွားကောင်ရေ ၈၀၀ ထိုးနှံပြီးစီးပြီဖြစ်ရာ မြို့နယ်အတွင်းကျန်ရှိသည့် ကျေးရွာများမှ ကျွဲ၊ နွားများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ဆက်လက်၍ ကာကွယ်ဆေးထိုးနှံ ထားသည့် ကျွဲ၊ နွားများမှ နမူနာပစ္စည်းများ ရယူ၍ ခွာနာလျှာနာရောဂါကို ခုခံနိုင်သည့် ပဋိပစ္စည်းကို တိုင်းတာစစ်ဆေးသွားမည်ဖြစ်ရာ အဆိုပါ ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအားဖြင့် ကျွဲ၊ နွားများတွင် ခွာနာလျှာနာဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## အနောက်တိုင်းဆေးရောနှောပြီးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း တွေ့ရှိရသော သိဒ္ဓိထွန်းအမှတ်တံဆိပ် အမျိုးသားအားဆေး၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် သက်စောင့်အားတိုးဆေးနှင့် ဆောင်တော်ကူး အမှတ်တံဆိပ် အမျိုးသားအကြောအားတိုးဆေးတို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင် အမှတ်-TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | သိဒ္ဓိထွန်း | အမျိုးသားအားဆေး | ဆေးမှုန့် | ဇီဝသိဒ္ဓိတိုင်းရင်းဆေးတိုက် အမှတ်၆၂၊ ၅ လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | သက်စောင့်အားတိုးဆေး | ဆေးမှုန့် | သမားဒေဝါဆေးတိုက် အမှတ် ၁၆၅၊ ပထမထပ်၊ ဗညားဒလလမ်းမကြီး၊ ၁၁၉ စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | Sildenafil |
| ၃။ | ဆောင်တော်ကူး | အမျိုးသားအကြောအားတိုးဆေး | ဆေးမှုန့် | အမှတ် ၇၆၈၊ သပြေလမ်း၊ (၈)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |



Sildenafil ရောနှောသည့် ဆေးထုပ်နမူနာများ။

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေး

**မင်္ဂလာဒုံ အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် DGB Microfinance Myanmar Co., Ltd. မှ အာမခံအလုပ်သမား ဦးပြည့်စုံလွင်စိုးနှင့် ဦးဖြိုးဝေဇင်တို့၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ ပါအကျိုးခံစားခွင့်များ ရှင်းလင်းပြောကြားပြီး DGB Microfinance Myanmar Co., Ltd. မှ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးပြည့်စုံလွင်စိုး၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ်သိန်း ၉၀ ကို သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်ချောအိသန္တာအောင် ထံသို့လည်းကောင်း၊ ဦးဝေဇင်ဖြိုး၏ ကျန်ရစ်သူ အကျိုး ခံစားခွင့် ငွေကျပ် ၈၂၅၀၀၀၀ ကို သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်မေဖူးသစ်ကျော်ထံသို့လည်းကောင်း အလုပ်ဌာနတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေး ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကမ္ဘာ့ဖလားနဂါးလှေလျှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှေလျှော်ပြိုင်ပွဲများသို့ မြန်မာလှေလျှော်အားကစားအဖွဲ့ ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၂၄ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yich-ang မြို့နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့တို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup) နှင့် ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Champion-ships) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ဦးဆောင်သော မြန်မာလှေလှော်အားကစားအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**





အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့တွင် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူး ဦးသက်လွင်၊ နည်းပြ ဦးဘုန်းမြင့်တေဇာနှင့် အားကစားသမား ၁၀ ဦး စုစုပေါင်း ၁၃ ဦး လိုက်ပါသွားကြောင်း သိရသည်။

**အာကာစိုး**


**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၅၀ ခန့်အား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူများထံ ဆက်သွယ် မေးမြန်းပြောကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အတွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရေး လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း မရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် ဘုတလင်မြို့နယ် စီပါကျေးရွာမှ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်ကို အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံပိုင်သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်သည့် ရက်စက်စွာသတ်ဖြတ်ခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်သည့် သတင်းမှားများဖြင့် လုပ်ကြံရေးသား ဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။





**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံး ဥပဒေ အမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**

**မင်းဘူးမြို့နယ်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှု အမှတ် - ၁၇**

ဦးလှသန်း **နှင့်** ၁။ ဒေါ်မြင့်မြင့်မော်
၂။ ဒေါ်မေသူလင်း

**(တရားလို)** **(တရားပြိုင်များ)**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ကံကုလားကျေးရွာတွင် နေထိုင်သူ (၂)တရားပြိုင် ဒေါ်မေသူလင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလို ဦးလှသန်းက တရားလိုထံမှ တရားပြိုင်များသည် တရားလို၏ရွှေထည်များအား ခေတ္တငှားရမ်းသည့် ၄ ပဲ ၄ ရွေး သံကြိုးတံစဥ်းတိုက်ပုံ ရွှေဆွဲကြိုး (၁)ကုံး၊ ၅ ပဲ ၄ ရွေး သံကြိုးတံစဥ်းတိုက်ပုံ ရွှေဆွဲကြိုး (၁)ကုံး၊ ၁၂ ပဲ ၆ ရွေးသံကြိုးဘားတိုက်ပုံ ရွှေဆွဲကြိုး (၁)ကုံးတို့ ပြန်လည်ရလိုမှု (သို့မဟုတ်) ကာလတန်ဖိုးငွေကျပ် သိန်း(၅၀)ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်း၏ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက် နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရီဝေယံဖြိုး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းဘူးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြကျောင်းသာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄၂)၊ အလျား(၂၀)ပေ x အနံ(၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသော ဒေါ်သဲရွှေဖြူ ၁၂/သဃက(နိုင်) ၁၆၃၆၅၂မှ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိမ့်သူသူအောင် ၁၃/လရန(နိုင်) ၂၁၆၆၆၂က အပြီးအပိုင်ဝယ်ရန် သဘောတူပြီး ရောင်းဖိုးငွေအားလုံးအပြေအကြေ ပေးချေထားပြီးဖြစ်ပါသည်။ ဝယ်ယူသူ ဒေါ်သိမ့်သူသူအောင်မှ ၎င်း၏အမည်ပေါက်ရရှိအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဒေါ်သိမ့်သူသူအောင်မှ အမည်ပေါက်ရရှိရေးကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**လမ်းမတော် ဦးစိန်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၁၂၄၅၆)**
**တိုက်(၂၂)၊ အောင်သပြေ(၁၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၄၀၁၁၆၅၀၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ အိမ်အမှတ်၄/၄၅နေ ဦးခင်မောင်ဆွေ ၉/ပမန(နိုင်)၀၂၃၆၇၁၏ သား မောင်ညီမင်းထက်(ခ)ပီကျယ် ၉/ပမန(နိုင်) ၂၉၈၆၇၈ သည် ဖခင်၏ပြောဆိုဆုံးမမှုကို လက်မခံဘဲ မိဘဆွေမျိုးများကို စိတ်ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ဦးခင်မောင်ဆွေ**
**ပျဉ်းမနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/63436, Honda CBR 500R ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းဇေယျာထက် ၁၄/ကကန (နိုင်)၁၇၅၈၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/56550, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၁၄/ညတန (နိုင်) ၀၉၂၄၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ပတ်စ်ပို့ပျောက်

